ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၄၅) ၊ မတ်လ ၊ ၂၀၁၄ ခုနှစ်။


















# သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝ ရှိလား...၊ ငရဲဆိုတာ ရှိသလား...၊ ဝဋ်လိုက်တယ်ဆိုတာ တကယ်လား...၊
ကောင်းတာလုပ်ရင် ဘာဖြစ်မလဲ...၊ မကောင်းတာလုပ်ရင် ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို
သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

## ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလ္လင်ပျံရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာဃလုလင် (သိကြားမင်းကြီး ဦးမာဃ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်း၍ငြိမ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဖောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆ )ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဥ္စသီ
- ရဟန္တာအရှင် ရှင်ဉပဂုတ္တ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟာတဲ့မိကျောင်းနှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှဲကုန်သည်နှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဋ္ဋာဓိုရ် နှင့် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ချာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာအပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု-သ-န-သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နှော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဖားကလေးနှင့်ဝိမာနဝတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ
- ဖခင်မေတ္တာ
- အင်္ဂုလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ

ဆုပြည့်စုံထွန်းစာပေ
အမှတ်-၅၀၈/၅၁၂(၂-ခ)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။



ပုံပြင်ကမ္ဘာ
ကလေးရုပ်စုံစာစောင်
------------ ရဲ့စာအုပ်ပါ။
------------ ဝယ်ပေးထားတာ။
ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂ (၂၈) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)
**တာဝန်ခံအယ်ဒီတာ**
မျိုးဇော်ထက် (ဖုန်း-၀၉၃၁၆၄၉၀၀၃)
**အုပ်ချုပ်မှုအယ်ဒီတာ**
ခင်မာရွှေ
**အမှုဆောင်အယ်ဒီတာ**
လင်းသက်ခိုင်
**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်
**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ရှိုင်းကိုကိုနိုင်၊ ဝေလင်း၊ ကျော်ကျော်၊
မောင်ထွေး၊
ဖြူဖြူသင်း၊ ဆုပြည့်၊ ဟေမာန်။
Cover **သရုပ်ဖော်**
အောင်စိုးမျှင့်
Computer
မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ ပိုပိုဇင်၊ မီမီဇင်၊
Film - Eagle
layout - Quality
**ပုံနှိပ်သူ** – ဦးကျော်ယဉ်(ဇမ္ဗူမော်)
အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**စာအုပ်ချုပ်** – တင်မေထွန်း
**ကြော်ငြာတာဝန်ခံ**
ခင်မာရွှေ
ဖြူဖြူသင်း၊ ဝင်းဝင်းမော်။
**ဖုန်း** – ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။
**ထုတ်ဝေသူ** – ဒေါ်ခင်မာရွှေ
ဆုပြည့်စုံထွန်းစာပေ၊ (၀၄၆၂၄)
**အုပ်ရေ** – ၅၀၀
**တန်ဖိုး** – ၁၂၀၀ ကျပ်
**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
**အမှတ်** –၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို။
(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် )ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** – ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။ )



http:/Quality.myanmaronlinesales.com
တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု
ဝယ်ယူနိုင်ပါသည်။

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**အထက်မြန်မာပြည်ဖြန့်ချိရေး**
နဂါးစာပေ　　　　ထွန်းဦးစာပေ
ဖုန်း -၀၂-၃၉၈၆၉　　ဖုန်း -၀၂-၃၉၈၀၁
**ရှမ်းပြည်နယ်ဖြန့်ချိရေး**
မီလျံနာစာပေ၊ ဂင်္ဂါနဒီစာပေ
**တောင်ကြီးတွင် လပေးယူလိုသူများအတွက်**
STUDENTS' CHOICE
မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊
ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။
**ဖုန်း** – ၀၈၁- ၂၀၁၄၇၃
**မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်**
ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ )

ကလေးရုပ်စုံစာစောင်

အမှတ် (၄၅) ၊ မတ်လ ၊ ၂၀၁၄ ခုနှစ်။

| | | |
|---|---|---|
| သတိထားကူညီပါ | ပန်းချီဝဏ္ဏအောင် | ၅ |
| ကြောင်လျှာပင်၏ရာဇဝင် | မင်းနန္ဒီရှိန် | ၁၅ |
| ဆရာခေါင်း | ကာတွန်းမြတ်နိုး | ၁၇ |
| ကောင်းမှုဆောင်ဖို့ကြိုးစားစို့ | ကျော်ဝင်းမောင်(ကျောက်မဲ) | ၃၂ |
| ရွှေဖြစ်သွားတဲ့သမီးတော်လေး | ကာတွန်းဒစ်ဂျစ်တယ် | ၃၃ |
| ရထားတရားစီရင်ခြင်း | မောင်ရဲသူ(ရန်ကုန်တက္ကသိုလ်) | ၄၁ |
| မောင်ရေခဲ၏ရေချမ်းအလှူ | ဖီဖီ(ဆေးဝါးတက္ကသိုလ်) | ၅၂ |
| ကေရာဇ်နှင့်သူ၏သိမ်းငှက် | ကာတွန်း ဝင်းမောင်မောင် | ၅၇ |
| စေတီဟောင်းပြင်သူ | လင်းသက်ခိုင် | ၇၂ |
| ပုဏ္ဏားကြီးနှင့်ပညာစမ်းသူများ | ထူးမမ(ပေါင်) | ၇၄ |
| ရဲဝံ့စွာအသက်ကယ်၊ရှင်မိမယ် | သန္တာမြတ်သောင်း | ၇၇ |
| တစ်ခါကယ်ဖူးသူ့ကျေးဇူး | ကာတွန်းပေါ်ကာ | ၈၁ |
| မောင်ဒီပါနှင့်ဘဝပြဿနာ | ဝင်းဇော်(သုံးဆယ်) | ၉၁ |
| အလွဲလွဲအချော်ချော် | နန္ဒာမိုးကြယ် | ၉၅ |
| ဉာဏ်ပညာ၏အကျိုး | ပန်းချီရွှေဒိုင်းဝန်း | ၉၉ |

# အယ်ဒီတာ့စကား

ကလေးတို့ရေ...

လွန်ခဲ့တဲ့နှစ်ပေါင်းခုနစ်ဆယ်လောက်တုန်းက တို့မြန်မာနိုင်ငံကို ဂျပန်လူမျိုးတွေက အုပ်ချုပ်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းက ဂျပန်နိုင်ငံမှာ စစ်ဗိုလ်ချုပ်ကြီးတွေ အင်အားကောင်းပြီး အခြားနိုင်ငံတွေကို သိမ်းပိုက်ကျွန်ပြုဖို့ကြိုးစားအားထုတ်ခဲ့ကြတယ်။ အင်္ဂလိပ်တွေကို တိုက်ထုတ်ဖို့ ဂျပန်တွေဆီက အကူအညီယူရင်းနဲ့ တို့မြန်မာတွေ ဂျပန်လက်အောက်ရောက်ခဲ့ရတယ်။ လွတ်လပ်ရေးရဖို့ အတွက် မဟာမိတ်တပ်တွေနဲ့ မြန်မာ့တပ်မတော်တို့ ပူးပေါင်းပြီး ပြည်သူတစ်ရပ်လုံးရဲ့ အကူအညီနဲ့ ဂျပန်စစ်သားတွေကို မြန်မာ့မြေပေါ်ကနေ တိုက်ထုတ်ခဲ့ကြပါတယ်။

ဂျပန်စစ်တပ်တွေကို အင်တိုက်အားတိုက် တိုက်ထုတ်ခဲ့ကြပေမယ့် အဖော်ကွဲသွားတဲ့ ဒဏ်ရာရ ဂျပန်စစ်သားတွေကို ကူညီပေးကြတဲ့ မြန်မာတွေရှိခဲ့တယ်ဆိုတဲ့ ဇာတ်လမ်းတွေ တစ်ပုံတစ်ပင်ရှိခဲ့ပါတယ်။ ဒါဟာ မြန်မာလူမျိုးတွေရဲ့မွန်မြတ်တဲ့ စိတ်ရင်းပါပဲကွယ်။ စစ်ဝါဒနဲ့ အုပ်ချုပ်ကျွန်လုပ်ဖို့ ကြိုးစားတဲ့ ဂျပန်စစ်သားတွေကို လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြပေမယ့် မြန်မာလူမျိုးတွေက ဂျပန်လူမျိုးတွေကို မမုန်းခဲ့ကြပါဘူး။


စစ်ဝါဒကို စွဲကိုင်ကြတဲ့ ဂျပန်လူမျိုးတွေက ရက်စက်ကြမ်းကြုတ်ခဲ့ကြပေမဲ့ စစ်ဝါဒကို စွန့်လွှတ်ခဲ့ကြတဲ့ ဂျပန်လူမျိုးတွေကတော့ ခင်မင်စရာကောင်းကြပါတယ်။ တို့မြန်မာနိုင်ငံတည်ဆောက်ရေးမှာစိတ်ရင်းအမှန်နဲ့အကူအညီတွေများစွာ ပေးနေကြတယ်။


အယူဝါဒကြောင့် လူတစ်ဦးဟာ ရက်စက်သူဖြစ်နိုင်သလို မွန်မြတ်သူလည်း ဖြစ်နိုင်တာ ကလေးတို့သိစေချင်ပါတယ်။ ဂျပန်တွေကတော့ မွန်မြတ်သူတွေဖြစ်နိုင်ဖို့ ကြိုးစားကြတယ်။


အယ်ဒီတာအဖွဲ့

# သတိထားကူညီပါ


ပန်းချီ


ရွာတစ်ရွာမှာ လယ်ယာကိုင်းကျွန်းနဲ့ အသက်မွေးတဲ့ ဦးမှတ်ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူ့မှာ ဇနီး နဲ့ သားတစ်ယောက် လေခွင်းရှိတယ်။
ဦးမှတ် ဟာ သနားကြင်နာတတ်ပြီး စိတ်ကောင်း နှလုံးကောင်း ပြည့်ဝသူ ဖြစ်တော့ တစ်ဦးတစ်ယောက် ဒုက္ခ ကြုံရင်...
ကိုယ်တိုင်ခံစားရ သလို ကိုယ်ပိုင်ရင်ပေါ် ပြုစုတတ်တယ်။ ဒါကြောင့် တစ်ရွာလုံး က ချစ်ခင်ကြတယ်။


ဦးမှတ်ရဲ့ သနားကြင်နာတတ်တဲ့စိတ်ဟာ လူတွေကို သာမက ခြေနာနေတဲ့ သတ္တဝါတွေ အတောင်ကျိုးနေတဲ့ ငှက်တွေကိုလည်း တွေ့ရင် ဂရုတစိုက် ပြုစုပေးတတ်တယ်။ ပျောက်ကင်းတဲ့အခါ။...
သွားလိုရာ သွားပေဦးတော့ ငှက်ကလေး ရေ့.
တစ်နေ့ မနက်ခင်းမှာ မိုးရာသီလည်း ဖြစ်တော့ တိမ်တွေ ညှို့ဆိုင်းပြီး မိုးဖွဲဖွဲကျနေတယ်. မိုးလေးဖွဲဖွဲကြားမှာ လယ်ကွင်း ပြင်ကြီးဟာ စိမ်းစိုနေတော့တယ်။...
ဦးမှတ်ဟာ လယ်ကန်သင်းရိုးအတိုင်း အိမ်ရှိရာ ထမင်းစားပြန်လာခဲ့တယ်။...


အဲဒီအပြန်လမ်းတစ်လျှောက်လယ်
ကန်သင်းရိုးဘေးမှာ ပေါက်နေတဲ့
မှိုနတို့. ဖားကပေါင် ပင်လေးတွေကို
တို့စရာ လုပ်ဖို့ ခူးနေပြန်တယ်။...
ပေါ်ရည်ပင်နဲ့
တို့စားလိုက်လို့
ကတော့ မြိန်လိုက်
မယ့် ထမင်း
ဟင်
အဲဒီအချိန်မှာ နက်မှောင်
ရှည်လျားတဲ့ မြွေတစ်ကောင်
ကို ဦးမှတ် တွေ့လိုက်ရတယ်.
မြွေ. မြွေ...
တစ်ကောင်ပါလား
သတ္တဝါတွေကို သနားငဲ့ညှာတဲ့စိတ် အရင်းခံ
ရှိတဲ့ ဦးမှတ်ဟာ ကြောက်စိတ်ဖြစ်သွားပေ
မယ့် မြွေကို သေသေချာချာကြည့်လိုက်
တယ်။..
မြွေက သုပ်ရှုံးမှ မရှိ
ဝေးဝေးကြီး ပြေးလျှောက်...



အဲဒါနဲ့ ဦးမှတ်ပဲဟာ မြွေကိုလည်မျိုက
နေကိုင်ပြီး ဆွဲယူကြည့်လိုက်တယ်. မြွေ
က မလှုပ်မယှက် လက်ထဲမှာပါလာတယ်
အင်း..
တစ်ယောက်ယောက်
ရိုက်သတ်သွားတာပဲ
ဖြစ်ရမယ်..
သေချာအောင် ထပ်ကြည့်လိုက်တော့...
အင်း..သေတော့
မသေသေးဘူးဟ..မိုး
ရေထဲမှာ ခွေခဲပြီးတောင့်
နေတာ ဖြစ်ရမယ်..
သူ့ရဲ့သနားတတ်တဲ့စိတ်ကြောင့်
မြွေကို သူ့ရဲ့ ခါးပိုက်ထောင်ထဲ
ထည့်ပြီး သယ်ဆောင်လာခဲ့တယ်



သနားငဲ့ညှာစိတ်နဲ့ မြွေဆိုး မြွေကောင်းမခွဲခြား
ပဲ မြွေကို သူ့ကိုယ်ငွေ့နဲ့ သတိပြန်ရလာအောင်
ဒါးပိုက်ပေးခဲ့တဲ့ ဦးမှတ် ထခုပ်ခံခဲ့ခြင်း ဖြစ်တယ်
မြွေလည်းအအေးဓာတ်
ကြောင့် သတိပြန်ရလာ
တယ်. ဒါကိုတော့ ဦးမှတ်
မသိလိုက်ဘူး. တဲ့
ဦးမှတ်ဟာ
သူ့သားနဲ့
မိန်းမ မြွေ
ကြောက်
တတ်မှန်း
သိတော့...
အင်း..
အိမ်ကိုယူသွားလို့
ကတော့ မဖြစ်ဘူး
ထင်တယ်. မိန်းမနဲ့
သားကလေးပါ ကြောက်
တတ်ပါတယ်သနဲ့..
တစ်နေရာရာ ခြုံကွယ်တစ်ခုခုမှာ
နွေးနွေးထွေးထွေး ထားခဲ့ရင်ကောင်း
မှာပဲ လို့ ဦးမှတ်တွေးမိတယ်..
တစ်နေရာရာ
ထားခဲ့မှ ဖြစ်မှာ
ပါ...



ဒါနဲ့ ထားဖို့ နေရာရှာတယ်...
ခပ်လှမ်းလှမ်းမှာ တော့ ခြုံနွယ်တွေ ပြည့်နှက်နေတဲ့ တောင်ပို့တစ်ခုကို တွေ့တယ်...
ဒီဟာသင့်နေရာ မှာပဲ ထားမှပဲ လေ...
သုံးပြတ်ချက် နဲ့ အဝတ္ထု မြွေ ကို ထားဖို့ တောင်ပို့ရှိရာ ကို သွားတယ်
နောက် သတိမေ့ရ သင်ဖြင့်တိုင်းတွေ မှ မပြုပဲ အိုးပိုက် ထောင်ကို ဖွင့်လိုက် တဲ့အခါ...


မျက်စိထဲမှာ လျှပ်စီးလက်သလို ဝင်းကနဲ ဖြစ်သွားပြီး
မျက်လုံးတွေလည်း ပြာဝေသွားတယ်.. ခါးပိုက်ထောင်
ထဲက သတိရနေတဲ့ ငွေဟာ ဦးမှတ်ရဲ့ လက်ဂွကြား
ကို ကိုက်လိုက်လို့ပဲ ဖြစ်တယ်...
အာခေါင်တွေလည်း ခြောက်သွေ့လာပြီး တစ်ကိုယ်လုံး နာကျင်မှု နဲ့ အတူ ဦးမှတ် အသက်ရှုပါ ကျပ်လာတော့တယ်...
အား..
အသက်ရှုရခက် လိုက်တာ.. အင်း ဟင်း..ဟင်း


အတတ်နိုင်ဆုံး မတော်တာပါကြိုးစား
ပြီး ရပ်ပေမယ့်… ဦးမှတ်တစ်ယောက်
မြေပြင်ပေါ်ကို လဲကျသွားရှာတော့တယ်..
ဦးမှတ်ရဲ့ ခါးပိုက်ထောင်ထဲကမြွေ
ကတော့ ဦးမှတ်ကို တစ်ချက်မှ
ပြန်မကြည့်၊ ကျေးဇူးရှင်မှန်း
ဘာမှန်း မသိတော့ပဲ ရှောခနဲ
ခြုံနွယ်တွေကြား တိုးဝင်ပျောက်
ကွယ်သွားတယ်။...
ဝုန်း
လဲကျကျန်ခဲ့သူ
ဦးမှတ်မှာတော့…
ဘုရား..ဘုရား
အသက်ရှုကြပ်လိုက်
တာ.. အင်း..
ကျွတ်.ကျွတ်.


မိလေရေ . နှင်နဲ့ သားကို ငါတွေ့ချင်း မရယောက်တော့ဘူး ထင်ပါရဲ့ဗျာ..
အင်း.. ငါ့ရဲ့သတ္တဝါ တွေကို သနားငဲ့ညှာတတ် တဲ့စိတ်ဟာ. ခုတော့ မရူး မမိုး မဆင်မခြင်တတ် တဲ့အတွက် ခုတော့..
ဦးမှတ်ပါဟာ သေဖို့ အချိန်နီးမှ နောင်တ တရားတွေ ရနေခဲ့တယ်....
ငါ့ကို ဒုက္ခ လှလှ ဖြစ်ခဲ့ရပြီ မိဝေရေ....


တစ်ဖက်သားကို သနားကြင်နာတတ်ပေမယ့် သန္ဓေသားဆိုတဲ့ သတ္တဝါတွေဟာ မေတ္တာတရားကို နားမလည်ဘူး.. ဒိဒိရဲ့ အသက်သခင် ကယ်တင်ရှင် ကျေးဇူးရှင် ဖြစ်စေဦး အသက်ကိုရန်ရှာတတ်ပါလား ဆိုတာ ဆင်ခြင်ပြီး ဦးမှတ်ဟာ သေဆုံးသွားတော့တယ်ပေါ့..
မြွေပွေးဒါးပိုက် ပိုက်သိုထဲ့ စကားကို ကြားဖူးကြမှာပါ.. ကိုယ်ပိုက်ကနေ မေတ္တာ စေတနာ ထားပြီး ကူညီခဲ့တဲ့ သူ့အသက် ကယ်ခဲ့ဖူးတဲ့ သူတွေဟာ တစ်ခါတစ်ခါ တော့ မြွေဆိုးလို စိတ်ရိုင်းတွေ ဝင်လာရင် အသက်သခင် ဟု မမြင် ကျေးဇူးရှင် အပေါ် ပြန်ပြီးရန်ရှာ ဒုက္ခပေးတတ်တယ်ဆိုတာ ဦးမှတ်ရဲ့ အဖြစ်ကလေးကို ပမာပြုလို့ သတိပြု ဆင်ခြင်ကြစို့ကွယ်



တစ်ခါက မိကျောင်းတစ်ကောင် နေသည့် သရွတ်ဖျား(ချောင်းငယ်) သည် တစ်စတစ်စရေ ခန်းစပြုလာသည်။ထိုအခါချောင်းငယ်မှငါးများကို ထိုးသုတ် စားသောက်သည့် ကျီးတစ်ကောင်သည် မိကျောင်းမရှိလျှင် ထိုချောင်းထဲမှ ငါးပုဖွန်များ သည် သူ့အစာဖြစ်မည့်အတွက် မိကျောင်းကို ရေမခန်းသော မြစ်ကြီး တစ်ခုသို့ပို့ပေးမည်ဟု အယုံသွင်း၍ လမ်းပြခေါ်ဆောင်ခဲ့ပြီး ခရီးအ

တော်ပေါက်သောအခါ မိကျောင်းအား ဖြစ်လိုရာ ဖြစ် ကျီးကန်းမှာ ပစ်ထားခဲ့လေ၏။

မိကျောင်းသည် အကူအညီမဲ့နေစဉ် လှည်းတစ်စီးရောက်ရှိလာပြီး သနားသောအားဖြင့် မြစ်ရှိရာ ရေနက်ပိုင်းကို လိုက်ပို့ပါ ဟု တောင်းပန်သဖြင့် လှည်းသမားက ပို့ပေးသော အခါတွင် ရေနက်ရာသို့ရောက်သောအခါ မိကျောင်းက ဇာတိပြလာသည်။ နွားကို ရေထဲဆွဲချသော အခါတွင် လှည်းသမားက. . .

" အလို ကျေးဇူးကန်းတဲ့မိကျောင်း ငါ့နွားကို အခုလွှတ် လိုက်စမ်း"

မိကျောင်းကတော့ မလွှတ် ထိုအချိန်၌ယုန်တစ်ကောင်ရောက်လာပြီး လှည်းသမားကို လှည်းထောက်ခွနဲ့မိကျောင်းယုတ်ကို ရိုက်လိုက် ဟု အော်၏။ ယုန်ပြောတဲ့အတိုင်း လှည်းထောက်ခွနဲ့ ရိုက်သောကြောင့် နွားမှာ အသက်ဘေးမှ ချမ်းသာရသွား၏။ သို့သော် ထိုအချိန်က စ၍ မိကျောင်းက ယုန်ကို အညိုးအတေးထား၍ ရေသောက်ဆင်းလာ သောယုန်ကို မြင်သော်သစ်တုံးယောင်ဆောင်နေလိုက်သည်။

ယုန်ကလည်း ယုန်ပါ။ သစ်တုံးကိုးမသက်သာသောကြောင့် ဤသို့စမ်းသပ်သည်။ မိကျောင်းဖြစ်တုံ စုန်လိမ့်မည်။ သစ်တုံးမှန် ဆန်လိမ့်မည်။

ယုန်၏အလိမ့် အညာအောက်တွင် ယုံမိသော မိကျောင်းက သစ်တုံးဖြစ်ကြောင်းပြရန် ရေကို ဆန်တက်နေလေသည်။ ထိုအချိန်၌ ယုန်က ရေသောက်ပြီးစီး၍ ကုန်းပေါ်တက်သွားတော့သည်။ မိကျောင်းမှာ ရက်ပေါင်းများစွာ ယုန်၏လှည့်ကွက်တွင် အလှည့်စားခံရပြီးမှ ယုန်ကို ဖမ်းမိလေသည်။

ယုန်ကိုမိသောကြောင့် တဟီးဟီးရယ်မောလေသည်။ ထိုအခါ မိကျောင်း၏ ပါးစပ်ထဲရောက်နေသော ယုန်က ဟီးဟီးသာ ရယ်တတ်တာပါ။ တဟား ဟား မရယ်တတ်ပါဘူးဟု မိကျောင်းလျှာပေါ်ခွထိုင်နေသော ယုန်က မခံချင်ဖွယ် ဆိုသည်။

မိကျောင်းက မခံချင်စိတ်ဖြင့် ပါးစပ်ဟလျက် ဟားဟား ရယ်လိုက်သော အခါ ယုန်က မိကျောင်းလျှာကို ဖြတ်ယူပြီးကမ်းပေါ်တက်သွားလေတော့သည်။

ထိုအချိန်မှ စလျက်မိကျောင်းတွင် လျှာမရှိတော့ချေ။ အသုံးမဝင်သော မိကျောင်းလျှာကို ယုန်က သစ်ငုတ်တိုပေါ်တွင်တင်ခဲ့၍ ခရီးဆက်လာရာ တစ်နေရာတွင် ကြောင်တစ်ကောင်နှင့် တွေ့သောကြောင့် မိကျောင်းလျှာတင်ခဲ့သည့်နေရာကို လမ်းညွှန်လိုက်၏။ ကြောင်ကယုန်ညွှန်သည့်တိုင်းလာသောအခါ မိကျောင်းလျှာသည် သစ်ပင်အဖြစ်ပြောင်းလဲနေ၍ တဝဲလည်လည်ဖြစ်ပြီး ရှာဆဲဖြစ်သည်။


ထိုကြောင့်ကြောင်က မိကျောင်းလျှာလိုက်ရှာသည့် အပင်မှာ ယခုအခါတွင် လူတို့က ကြောင်လျှာပင်ဟုခေါ်နေကြသော ကြောင်လျှာသီး သီးသည့် အပင်ဖြစ်သည်။


မိကျောင်းသည် လွန်စွာမိုက်မဲ၏။ ကျေးဇူးရှင်လှည်းသမားကို ပစ်မှား၍ လှည်းသမားနွားကို သတ်ဖြတ်ရန် ကြိုးစား၏။ သူယုတ် လက္ခဏာ အပြည့်အဝရှိသူတည်း။ လောကတွင်လည် ဤကဲ့သို့သော သူယုတ်မာများလည်းရှိ တတ်ပါသည် လူလူချင်း သတိဖြင့် ဆက်ဆံရန် စံပြုဖွယ်ပုံပြင်လေးဖြစ်ပါသည်။

မင်းနန္ဒီရှိန်


# ဆရာခေါင်း

ကာတွန်း/ မြတ်နိုး


တစ်ခါတုန်းက ဘုရင်ရဲ့ လယ်မယား နှစ်ပြီးမှာ သားယောကျာ်းလေး တစ်ယောက် မွေးလာသတဲ့။
ဒါပေမဲ့ ကလေးက ကိုယ်ဖြစ်လုံး မပါဘဲ၊ ခေါင်းတစ်လုံးသာ ပါသတဲ့။
မေ့
မေ့
ဟယ် ဖုံ့ရှဲ ဖုံ့ရှဲ..
ဖခင်လုပ်သူက ရှက်လို့ဆိုပြီး ကလေးကို သတ်ဖို့ ဓားကြီးဆွဲလာတော့တာပေါ့..
ဘာမေ့လဲ.. ဘာမေ့လဲ..
မေကြီးရေ..


မိခင်ဖြစ်သူရကာတော့သားကိုရှာယင် အထိခံပါ့မလဲ.. မိခင်တို့..
ဒီမှာကိုဖုဂွါ..
ကိုယ့်ရင်ခွဲသွား ဟာရင်ခွဲသွား ပါတော့.. ဆူဂျီ ဝဲဝဲ.. ချောင်း ချောင်း ကန်းကန်း.. ချေပြီ ကတော့ ချစ်မှာပါ..
Right...
ဒါကြောင့်မှ.. ရှက်ရင်.. တော်ကြီးဘာသာ အသည်းအူပြီး.. ကြွပေတော့.. ကျေပြီကတော့ ကျေပြီသားနဲ့ပဲနေမယ်.. ဒါပဲ..
မောင်မြှားပါတယ်မိနိုးမ ရယ်..
မေမေ့ကို ကျေးဇူးသိပ်တင်ပါတယ်.. မေမေ ဘာမှ မပူနဲ့.. မေမေတို့.. ချမ်းချမ်း သာသာနေရအောင် သားလုပ်ကိုင် ကျွေးပါ့မယ်..
အမေ့သား လေးရယ်..
ဒီမိန်းချင်းတွေက ကိုပြာမပါဘဲ ခေါင်းတစ်လုံးသာပါတဲ့ ကလေးကို တအံ့တဩ လာကြည့်ကြပြီး နာမည် ပေးလိုက်ကြတာက..
ခရုခေါင်း
တော်သေးတာပေါ့.. ခရုခေါင်း ခေါ်လို့



ဒီလိုနဲ့..လအတန်ကြာတော့..တစ်နေ့မှာ...
သရဲခေါင်းက..သူ့အမေကို..ပြောသတဲ့။
အမေ သားကို မြို့ပေါ်က ဂျုန်သည်ကြီးဆီခေါ် သွားပေးပါလား
ဘာလုပ်ဖို့လဲ သားရဲ့..
ခုချိန်မှာ သားကိုဘာမှမမေးပါနဲ့ ခေါ်သာ ခေါ်သွားပေး ပါနော်..
အေးပါကွယ်..
ဂျုန်သည်ကြီးဆီ ရောက်တော့..
ဂျုန်သည်ကြီးခင်ဗျာ.. ကျွန်တော့်အမေကို ငွေဒင်္ဂါး တစ်တောင်းပေးလိုက်ပြီး.. ကျွန်တော့်ကို ကျွန်အဖြစ် လက်ခံပါ..
ပြီးရင်..ကျွန်တော့်ကို ပြပွဲသွင်းပြီးရလာတဲ့..ငွေတွေ ကို ဂျုန်သည်ကြီး အမြတ်အစွန်းရတဲ့အထိ ယူပါ..
အင်း တော်တော် ကြံနိုင် တယ်..



ကုန်သည်ကြီးလည်း သဘောတူလိုက်ပြီး.. ဆရာခေါင်း ပြောသလို ပြပွဲသွင်းထားတော့။
ဟယ်.. ထူးဆန်းလိုက်တာ ဝင်ကြည့်ဦးမှ..
အင်္ကျီ လုံချည်ဖိုး မကုန်တော့ဘူး.. ကံကောင်းလိုက်တဲ့လျှ..
ကိုယ်လုံးမပါ.. ခေါင်း သာပါတဲ့.. အံ့ဖွယ် လူသား.. တစ်ပြားကြည့် ဒီ.
ရက်ပိုင်းအနည်းငယ် အတွင်းမှာပဲ အသပြာ တစ်ထောင်ပြန်ရရုံမက.. အမြတ်များစွာ ရရှိသွား သတဲ့။
ဒီလိုနဲ့ တစ်နေ့တော့၊ တခြားနယ်တခြားကျေးက ကုန်သည်လှေတစ်စုဟာ ဆရာခေါင်းတို့မြို့ ကိုရောက်လာတယ်။
အဲဒီသတင်းကို ဆရာခေါင်း ကြားတော့။
ကုန်သည်ကြီး ခင်ဗျား.
ကျွန်တော်ရဲ့ အလုပ်အကျွေးပြုမှုကို ကုန်သည်ကြီး ကျေနပ်ရဲ့လား ခင်ဗျား..
ကျေနပ်ပါပြီ မောင်ရုပ် ကျေနပ်ပါပြီ ဟဲဟဲ..



ဒါဆိုရင်.. ကျွန်တော့်ကို ခွန့်အား သွားလာခွင့် ပြုစေလိုပါတယ်..
အဆိုဗျာ.. မင်းက.. အပယ်များ သွားချင်သေးလို့ လဲကွ..
ကျွန်တော်ပင်လယ်ကို သွားလိုပါတယ်.. ဒါ့ကြောင့် တစ်နယ်တစ်ကျေးကကုန်သည် တွေဆီ ကျွန်တော့်ကို ကျွန် အဖြစ် ရွှေဒင်္ဂါး တစ်ထောင် နဲ့ရောင်းပေးပါ သခင်ဗျာ..
သချာခေါင်းကို သံပေါဘရွဲ့တွယ် နေပြီ ဖြစ်တဲ့ ကုန်သည်ကြီးက.. အမျိုးမျိုး တားရှာသတဲ့။
အပယ်လိုမှ တားမရတဲ့ အဆုံး၊ သခင်ခေါင်း မိတ်ချမ်းသာ တောင်တစ်နယ်တစ်ကျေးက ကုန်သည်တွေဆီ ရောင်းလိုက်သတဲ့။
ငါ့ကို အလုပ်အကျွေး မပြုပါနဲ့တော့.. မင်းကိုသား အဖြစ် မွေးစားပါတယ်..မသွား ပါနဲ့..
ကုန်သည်ကြီးရဲ့ စေတ နာကို ကျေးဇူးတင်ပါ တယ်..ဒါပေမဲ့ ခွင့်ပြုပါ သခင်ဗျာ..
ခေါင်းပဲပါတာဆိုတော့ မင်းဖိုးမပါလို့ မရောချင်ပါဘူးနော် ဟီး ။ ။
ဟာဗျာ ရုပ်ရေတွေမပြောပါ နဲ့..ဟွန်း..


ကုန်သည်ပါလှေ အုပ်စုလည်း.. ကုန်ရောင်းကုန်ဝယ် ကိစ္စတွေ ပြီးသွားတော့.. သူတို့ ရပ်ရွာကို ပြန်ကြတာပေါ့။
တို့မြို့ကို ရောက်ရင် ဒီကောင်ကြီးကို ရုံးသွင်းပြီး ငွေရှာရမယ်...
ပင်လယ်ပြင်ရောက်ပြီး.. မကြာခင်မှာပဲ.. မုန်တိုင်းဆိုး လာသတဲ့။ မုန်တိုင်းကပြင်း လွန်းလို့ လှေတွေလည်း တကွဲ တပြားဖြစ်ကုန်ကြတယ်။
သုံးရက်ကြာ အလူးအလဲ ခံစားရပြီးမှ မုန်တိုင်းကစဲ သွားသတဲ့။
ဟေး ငါတို့မှ သေဘေးလွတ်ချေးကွ ဟား.. ဟား..
မုန်တိုင်းစဲသွားပေမဲ့ လေက လုံးဝ မတိုက် တော့တဲ့အတွက် ရွက် လွှင့်လို့ မရဘူး ဖြစ်နေ ပြန်တယ်...


အဲဒီမှာ..လှေသမားတွေလည်း တစ်ယောက်တစ်ပေါက် ဖြစ်လာတော့တယ်..
ဒါ..ငါတို့လှေမှာ.. အင်္ဂါမစုံတဲ့ကလေးပါလာလို့ ကံဆိုး မိုးမှောင်ကျတာဖြစ်ရမယ်..
ဟုတ်တယ်..ဖြစ်နိုင် တယ်..
ဒီတော့... ဒီကောင့်ကို ရေထဲပစ်ချ ရမယ်..
ပစ်ချ..
ကျလာလို့ ကတော့ ထွတ်ပြီ
ဆရာခေါင်းကတော့..တည်တည်ငြိမ်ငြိမ်နဲ့ လှေသမားတွေကို ပြောသတဲ့
သူ့ယဉ်ချင်းကို ခဏအေးအေး ထားပါ..ငါ့ကိုရွက်တိုင်ထိပ်မှာသာချည်ပေး ပါ..ငါရွက်လွှင့်နိုင်အောင်ကူ ညီပါ့မယ်.
ဒါနဲ့..ဆရာခေါင်းပြောသလို လုပ်တော့၊ လှေလည်းရွက်လွှင့်လို့ရသွားသတဲ့..
တော်ပြီ..


ရေသားတွေလည်း ကျေးဇူးတင်လွန်းလို့ သင်္ဘောခေါင်းကို ပြောသတဲ့..
မင်းပဲဟာ.. ကျွန်ုပ် မဟုတ်တော့ဘူး.. ငါတို့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီ..
ဟုတ်တယ်
ဒီလိုနဲ့ရက်လှည့်လာရင်း.. ကျွန်းတစ်ကျွန်းကို ရောက်သွားပြန်တယ်။
နေချင်စရာ ကောင်းလိုက်တာ..
သင်္ဘောခေါင်းက.. ကျွန်းမှာ နားဖို့ပြောတော့.. ရေသမားတွေက ကြောက်လန့်တကြား တားကြတယ်။
ဒီကျွန်းက လှတာတော့ မှန်တယ်.. တို့လည်းဖြတ်သွားနေကြ ပါ.. ဒါပေမဲ့..
ဒီကျွန်းမှာ ဘီလူးတွေရှိလို့ ဘယ်လှေမှ မကပ်ရဲဘူး.. မကပ်ပါနဲ့ကွာ.. ကြောက်လွန်းလို့...



မင်းတို့
ကြောက်ပါလေမယ့်
အဲဒီဘီလူးတွေကို
ငါမကြောက်ပါပေါင်..
ခုဆို..မင်းတို့လည်း ရှက်ရွှင့်ပြီး အိမ်မပြန်နိုင်
ဖြစ်သွားတော့..ငါ့ကို ဒီကျွန်းမှာချထားခဲ့ကြပါသလားဟယ်
ချင်းတို့..
သင်္ဘောသားတွေလည်း..
ဘယ်လိုမှတားမရတော့
အဆုံး..ဆရာခေါင်းကို
ကျွန်းမှာချပေးခဲ့ကြ
တယ်...
မကြာမီ ဘီလူးတွေလည်း၊ ရေချိုးဆင်းလာကြ၊ ဆရာခေါင်းက ဗိုးဖောင်ဒီဆိုတဲ့ဘက်ပါ
ပြီး၊ အာပြော ချိုချိုနဲ့ စကားတွေဆိုလိုက်တာ..ဘီလူးတွေလည်း သဘောကျပြီး
ခင်မင်သွားကြသတဲ့ ။
ဟားး ဟားး
ဟိုး ဟိုး


ဒီလိုနဲ့..သရဲခေါင်းလည်း ဘီလူးတွေနဲ့ပျော်ရွှင်နေပြီး လပေါင်းများစွာကြာအောင်နေတော့တယ်..
မိုးပုံလားမှာ..ရကာ..
ဘီလူးတွေကလည်း သူ့ကိုချစ်လွန်းလို့..မှော်သေတ္တာ တစ်ခုပေးပြီး... ဂါထာတစ်ခုကို သင်ပေးသတဲ့..
ဗုံ
ဗုံ
တစ်နေ့တော့..သူ့ရဲ့အာရုံလှေကြီး ဖြတ်သွားတာတွေ့တော့..သရဲခေါင်းက..လှမ်းခေါ်လိုက်တယ်..
ဟေး ။
သူငယ်ချင်းတို့...
သင်္ဘောသားတွေကလည်း သရဲခေါင်းအသံကို ချက်ချင်းမှတ်မိကြတော့ ။
ဟေ့... ဒါတို့သူငယ်ချင်းအသံပဲကွ.. သူပြန်လိုက်ချင်လို့ခေါ်တယ်..ကမ်းကပ်ကြမယ်ဟေ့..
ကပ်ကြဟေ့ !!


ကမ်းပေါ်ကို သင်းလာတဲ့ ရှေ့ထိုးသားတွေဟာ..ဘီလူးတွေ ထွက်လာတာတို့...
တွေ့တော့ သိပ်ကြောက်ကြတာပေါ့...
ဆရာခေါင်းရေ ကယ်ပါဦး..
ဘာမှ မကြောက်ကြပါနဲ့ ကွ..သူတို့ကို ငါ့သူငယ်ချင်း တွေဆိုတာ ပြောပြထားပြီး သားပါ.. မင်းတို့ကို လာကြိုတာကွ...
ဆရာခေါင်းပြန်တော့မှာမို့..ဘီလူးတွေထဲက ခေါင်းဆောင်နဲ့ ဘီလူးများအား စိတ်မကောင်း မြင်းများစွာဖြစ်ရင်း ပတ္တမြားတစ်ခြင်း လက်ဆောင်ပေး နှုတ်ဆက်ကြတယ်။
ဟင့်..ဟင့်
နောက်လည်း မကြာမကြာလာပါ ကွာ..
စိတ်ချပါ..လာပါ့မယ်..


ဒီလိုနှင့်ရက်ရှည်လွင့်လာကြတာ.. ဆရာခေါင်းနေတဲ့မြို့ကို ရောက်ပါတော့၊
ဆရာခေါင်းက သင်္ဘောသားတွေကို ပတ္တမြားတွေ ဖားလုံးပေးပြီး..ချလို့ ရပြီသတဲ့၊
မင်းတို့ကို ဒီ့ထက်ပါ
ပိုပေး မယ်.. တစ်ခုတော့ရှိတယ်
မင်းတို့ငါ့လုပ်တွေ လုပ်ပါမယ်ဆိုရင်ပေါ့!
တကယ်ပါ..
သင်္ဘောသားတွေလည်း ဝမ်းသာအားရနဲ့ ဆရာခေါင်းကို ဆရာမြှောက်လိုက်ကြတယ်...
ဟို... ဆရာ
ဆရာ ခေါင်း
ကောင်းပြီ..
ဒါဆို ငါ့ကို ဘုရင့်နန်းတော်
တစ်ခေါက်သွားကြတော့..


ဒါနဲ့နန်းတော်ကိုရောက်တော့ဘုရင်ကြီးဆီဝင်ပြီးဂျခသံပေးသတဲ့ ။
သမီးတော်နဲ့လက်ဆက်ပေးပြီး
ထီးမြှ အရာပေးမည်ဟော..
စစ်ထိုးမည်ဟော.
ဘုရင်ကြီးကသူ့ကိုချီးမွမ်းခြောက်တာဘယ်သူများလဲဆိုပြီးထွက်ကြည့်တော့...
သတော်ကြီးကို မြင်ပြီးသွက်ထိုးထွက်လန်ရယ်လိုက်တယ်။
အမယ်လေး..ဂျခသံပေးတဲ့သူကဒီမှာလုံးတောင် မရှိရှာပါလား...
ခေါ်လာတဲ့လူတွေကလည်ပင်းရှည်ဖိုးသားတွေ..အဲဒီလူတွေနဲ့ ငါ့ရဲ့မက်တွေကို ဘယ်လိုနိုင်မှာလဲ..အရူးလေး..


အဲဒီမှာ..
သကျခေါင်းက,ဘီလူးတွေ
ပေးလိုက်တဲ့..
မှော်သေတ္တာကိုဖွင့်
ပြီးဂါထာကိုရွတ်လိုက်
တော့..
မှော်သေတ္တာထဲက စစ်သည်ရဲမက်တွေ ထောင်သောင်းချီ ထွက်လာပြီး
နန်းတော်တစ်ခုလုံးကို ဝိုင်းထားလိုက်တော့သတဲ့..
အမယ်လေး
ဘုရင်ကြီးလည်း မတတ်သာတော့ဘဲ.. သကျခေါင်း
ကိုသမီးနဲ့ပေးစား ပြီး အိမ်ရှေ့အရာပေးလိုက်
ရတယ်။
သမီးလေးမှာမင်းသမီးလေးဟာ
သူ့ရဲ့ ကြင်ယာတော်ဖြစ်သွား
ပြီဖြစ်တဲ့ သကျခေါင်းကို ငြို
ငြင်မှုမရှိဘဲ ထုံးစံအတိုင်း
မင်္ဂလာအနမ်းပေးလိုက်
တာနဲ့ တပြိုင်နက်..


ဆရာခေါင်းဟာ လှပချောမောတဲ့ လုလင်ပျိုလေး ဖြစ်သွားတယ်..
နှမတော်
အံ့ဩ
တို့ဆရာခေါင်းကွ.
မောင်တော်..
ငါ့သမက်က
အချောလေး
ကွ..
အဲဒီအချိန်မှာပဲ.. ဖန်ဆင်း
ထားခဲ့ ဆိပ်သတ္တဝါတွေဟာ ရွှေ
သေတ္တာထဲပြန်ဝင်သွားကြသတဲ့...
ဆရာခေါင်းလည်း ဘုမိအကျော်ကို ပါနန်းတွင်းမှာခေါ်ထားပြီး.. မြဒူရင်းနဲ့
အိမ်ရှေ့စံအဖြစ်.. ပျော်ရွှင်စွာ နေထိုင်သွားကြလေသတဲ့ကွယ်..။
ဒီမှာ ငါ့သား..
အဖေ့သားကွ..
ဟွန်း..
ခုမှ....

# ကောင်းမှုဆောင်ဖို့ကြိုးစားစို့

ကျော်ဝင်းမောင်(ကျောက်မဲ)



ကောင်းမှုဆောင်ဖို့ ကလေးတို့ရာ၊
ဦးဦးပုံပြောမှာ။
ဟိမဝန္တာဝယ် တပည့်ငါးရာနဲ့၊
လောင်းလျာဗုဒ္ဓ ရသေ့ဝတ်ခဲ့။
သောက်သုံးရေနဲ့ သစ်သီးဝေဆာ၊
သားငှက်တွေလည်း ပေါများရာ။
သတ္တဝါမျိုးစုံ ပျော်စံမှီး၊
ဟိမဝန္တာဆိုတဲ့ တောမြိုင်ကြီး။
ဒါပေမဲ့လည်း တစ်နှစ်မှာ၊
အပူရှိန်ကြမ်း၊ ရေခမ်းရာ။
များသတ္တဝါနဲ့ များစွာရသေ့၊
သောက်သုံးရေတွက် အခက်တွေ့။
ရေမရ၍၊ ပိန်ဖျော့လာ၊
ဘုရားလောင်း မြင်တွေ့သနားကြင်နာ။
သစ်ပင်ကြီးခုတ်ကာ၊ တလင်းကျယ်နား၊
စားကျင်းလုပ်ကာ၊ ရေထည့်ထား။
တိရစ္ဆာန်များ လာသောက်သုံးရာ၊
တစ်နေ့တခြား များပြားလာ။
ရေတွင်းများစွာနဲ့ စားကျင်းများ၊
ထပ်မံတူးလုပ်၊ အချိန်မအား။
အာဟာရများလည်း၊ မရှာဖွေနိုင်၊
ရသေ့များစားရေး အခက်လှိုင်။
ခေါင်းချင်းဆိုင်ကာ တိရစ္ဆာန်များ၊
အစားအစာပံ့ရေး၊ ဝိုင်းစဉ်းစား။
ရေသောက်သွားတိုင်း ကိုယ်စီသာ၊
သစ်သီးသစ်ဥ၊ ယူဆောင်လာ။
စားဖွယ်ရာနဲ့ သီးနှံများ၊
ထောက်ပံ့ပေးတော့ ပေါလျှံသွား။
"မေတ္တာ တရားသာ အဓိကပါ၊
သူ့အလို ဖြည့်တော့ ကိုယ်ပြည့်လာ။
ကိုယ်ချမ်းသာအောင် သူ့ရှာဖြည့်၊
သူဖြည့်ကိုယ်ဖြည့် ကိုယ်စီပြည့်။
အများအကျိုးဆောင်၍၊ ကိုယ်အကျိုးအောင်၊
တရားအချိန်အပမှာ၊ ကောင်းကျိုးဆောင်။
ရသေ့ခေါင်းဆောင် ဟောဖော်ညွှန်း၊
အားလုံးကောင်းကျိုး သူတိုက်တွန်း"
လက်ကမ်းမွန်းလို့ ကောင်းကျိုးရည်၊
မောင်မယ်အများသို့ သိစေပြီ။
အလိမ္မာဂုဏ်ရည် ပြည့်ကြွယ်ပွား၊
ပုံပြင်ကမ္ဘာချစ် ကလေးများ။ ။

ကျော်ဝင်းမောင်(ကျောက်မဲ)






# ရွှေဖြစ်သွားတဲ့သမီးတော်လေး


ဇာတ်လမ်း **ဇင်** သရုပ်ဖော် ကာတွန်း **ဒစ်ချစ်တယ်**






ဘဏ္ဍာတိုက်မှာ တစ်တိုက်လုံးရွှေ နဲ့ ချည်းပဲ ပြုလုပ်ထားတယ်တဲ့။
ရွှေစားပွဲတွေ တန်းစီရှိနေပြီး ရွှေသံချပ်ကာ အင်္ကျီ ရွှေဓား၊ရွှေပန်းအိုး၊ရွှေခွက်တွေ တဖျပ်ဖျပ် တလက်လက် နဲ့ တောက်ပစွာ ရှိနေသတဲ့ကွယ်။
တစ်ကမ္ဘာလုံးမှာ ရွှေလက်ဝတ်ရတနာတွေကို ငါ့လောက်များများပိုင်ဆိုင်တဲ့လူ ဘယ်ရှိနိုင်ပါ့မလဲ
ဒါပေမဲ့ ရွှေလက်ဝတ်ရတနာ တွေကို ပိုပြီးလိုချင်သေးတယ်၊ငါ့လက်နဲ့ ထိသမျှ အရာအားလုံး ရွှေဖြစ်သွားရင် သိပ် ဝမ်းသာစရာကောင်းမှာပဲ
အရှင်မင်းကြီး၊အသင့်ဆန္ဒ မျှော်လင့်ချက် အတိုင်းပြည့်ဝ အောင်…စွမ်းဆောင်ပေးပါ့မယ်
ဘုရင်ကြီးရဲ့ အနောက်ဘက်က ချိုသာပျော့ပျောင်းတဲ့ အသံ ထွက်ပေါ်လာသတဲ့ကွယ်



ဘုရင်ကြီးကအနောက်ဘက်ကို
လှည့်ကြည့်လိုက်တော့ လှပတဲ့
နတ်သမီးလေးတစ်ပါးကို
တွေ့လိုက်ရသတဲ့။
ဘုရင်ကြီး အံ့ဩတုန်လှုပ်နေစဉ်မှာပဲ
နတ်သမီးလေးဟာ တဖြည်းဖြည်း
ကိုယ်ရောင်ပျောက်ကွယ်သွားတယ်။
အခုနက ဟာ
တကယ်များလား
ဟုတ်မဟုတ်စမ်းသပ်
ကြည့်အုံးမှ
ဘုရင်ကြီးက ပြတင်းပေါက်မှာရှိတဲ့ ခန်းဆီးစကို
ဆုပ်ကိုင်ကြည့်လိုက်တယ်၊ အဲဒီအခါမှာ ခန်းဆီးစ
ဟာ…ရွှေခန်းဆီးစ အဖြစ် ပြောင်းသွားတယ်။
ဟာ
ရွှေတွေ
ဖြစ်သွားပြီ
ရွှေတွေ
ဖြစ်သွားပြီဟေ့
ဘုရင်ကြီးဟာ အလွန်အမင်း ဝမ်းမြောက်
ဝမ်းသာ ဖြစ်နေတာပေါ့ကွယ်။


ဘုရင်ကြီးဟာ လှေကားထစ်တွေကို အပြေးအလွှားဆင်းခဲ့ပြီး ပန်းခြံထဲကို ပြေးထွက်လာခဲ့သတဲ့။
အဟေး ဟေး
ဘုရင်ကြီး ကြွလာပြီ ဟေ့
ပန်းခြံထဲမှာ ဥဒေါင်းငှက်တွေက ဟိုဟိုဒီဒီသွားလာနေကြပြီး ပန်းမျိုးစုံ တွေလည်း ငွားငွားစွင့်စွင့်ပွင့်လန်း နေကြသတဲ့ကွယ်။
ဘုရင်ကြီးက ဥဒေါင်းကို ပွတ်သပ်လိုက်တဲ့အခါ ချက်ချင်းပဲ ဥဒေါင်းငှက်ဟာ ရွှေရောင်တဖြောင်ဖြောင်နဲ့ ဥဒေါင်းအဖြစ်ကို ပြောင်းလဲသွားတယ်ကွယ့်။
ဟိဟိ ရွှေဥဒေါင်းကြီး ရွှေဥဒေါင်းကြီး
ငါ အရမ်း ချမ်းသာပြီ



ဘုရင်ကြီးက ဆက်ပြီး ပန်းတွေကို ရွှေရောင်ပန်း အဖြစ် ပြောင်းယူလိုက်တယ်ကွယ့်။
ဘုရင်ကြီးဟာ လက်တွေကို ဝှေ့ယမ်းပြီး ခုန်ကာ အော်ဟစ်နေသတဲ့ကွယ်။
အောင်ပြီကွ အောင်ပြီ
ဆုညံနေတဲ့ အသံကြောင့် ဘုရင့်ရဲ့ ချစ်စရာကောင်းတဲ့ သမီးတော်လေး ရောက်လာတယ်။
ခမည်းတော်ဘုရား
အို… သမီးတော်
ခမည်းတော်ဘုရား၊ ဘာကိုဝမ်းမြောက် ဝမ်းသာ ဖြစ်နေပါသလဲ ဘုရား
ကြည့်စမ်းပါဦး ကွယ်၊ ခမည်းတော်ရဲ့ လက်နဲ့ထိတွေ့တာနဲ့ ဘယ်အရာမဆို အားလုံး ရွှေဖြစ်သွားကြနှိပြီ၊ ကဲ ကဲ ဒီအနားကို လာပါဦး။



ဘုရင်ကြီးဟာ သမီးတော်ရဲ့ ဦးခေါင်းကို
မြဲနေကြအတိုင်း ပွတ်သပ်လိုက်သတဲ့
ချစ်သမီးတော်လေး
ဟုတ်
အဲဒီအချိန်မှာ သမီးတော်လေးဟာ
မျက်နှာရော ကိုယ်ခန္ဓာပါ ရွှေ
အဖြစ်သို့ ပြောင်းလဲသွားတယ်။
ဘုရင်ကြီးဟာ အံ့ဩတုန်လှုပ်ပြီး ဖင်ထိုင်
လဲကျ သွားသတဲ့။
နောက်မှ သမီးတော်လေးကို
ကိုင်လှုပ်ပြီး ငိုတော့တာပေါ့။
သမီးတော်လေး
သမီးတော်လေး
ရွှေဖြစ်သွားတဲ့ သမီးတော်လေးဟာ
စကားမပြောတော့ဘူး၊လှုပ်ရှားလို့လည်း
မရတော့ဘူးကွယ်။


ဘိုနတ်သမီး၊ အသင့်ရဲ့မှော်ပညာတွေကို ပြန်ယူသွားပါတော့၊ ကျေးဇူးပြုပြီး အရင်လို ချစ်စရာကောင်းတဲ့ သမီးတော်လေးဖြစ်အောင် ပြန်လုပ်ပေးပါ
ကောင်းကင်ကို မျှော်ကြည့်ပြီး ဘုရင်ကြီးက ဆုတောင်းလိုက်တယ်
အဲဒီအခါမှာ ဘယ်နေရာကမှန်းမသိတဲ့ နတ်မင်းကြီးရဲ့ အသံထွက်ပေါ်လာသတဲ့ကွယ်။
အဲဒါဆိုရင် အနောက်မှာရှိတဲ့ မြစ်မှာ လက်ကို ကောင်းစွာ ဆေးကြောပစ်ပြီး အဲဒီမြစ်ရေနဲ့ ရွှေဖြစ်နေတဲ့ အရာအားလုံးကို ပက်ဖျန်းလိုက်ရင် အရင်အတိုင်း ပြန်ပြီး ပြောင်းလဲသွားလိမ့်မယ်
ဘုရင်ကြီးဟာ အိပ်မက် မက်နေရသလိုလိုဖြစ်နေပြီး မြစ်ဘက်ကို ပြေးသွားသတဲ့။ လက်ကို ကမန်းကတန်းဆေးကြောပြီး အဲဒီရေကို ရွှေသမီးတော်လေးရဲ့ ဦးခေါင်းကနေ သွန်းဖျန်းလိုက်တယ်၊ အဲဒီအခါမှာ ...
...သမီးတော်လေးဟာ ပြုံးရွှင်ရယ်မောလာပြီး အရင်လို လှပတဲ့ အသွင်သဏ္ဌာန် ပြန်ဖြစ်လာတာပေါ့ကွယ်။



ဘုရင်ကြီးက ရွှေဥဒေါင်းရော ရွှေပန်းပင်တွေကိုရော ရေနဲ့ပက်ဖျန်း သွန်းလောင်း
လိုက်တော့ မူလအတိုင်း အသက်ပြန်ဝင်လာကြသတဲ့။


ဘုရင်ကြီးနဲ့ သမီးတော်လေးဟာ ဝမ်းမြောက်ကြည်နူးစွာနဲ့ နန်းတော်
ရှိရာသို့ ပြန်ကြွသွားကြသတဲ့။
ရွှေထက် အရေးကြီးတဲ့ အရာဟာ သားသမီး ရတနာပါပဲ
ဒီ သမီးတော်လေး ပါပဲ
ပြီး



ရထား တရားစီရင်ခြင်း
မောင်ရှိသူ
ရန်ကုန်တက္ကသိုလ်
တစ်ခါက လူတစ်ယောက်ဟာ မြင်းရထားကို မောင်းပြီး ခရီးထွက်လာတုန်း လူတစ်ယောက် သူ့ရဲ့ရထားစွန်းကို ကိုင်ပြီးလိုက်လာတယ်။
အသင် ဘာဖြစ်လို့ ကျွန်ုပ် ရထားစွန်းကို ကိုင်လိုက်တာလဲ။
ကျွန်ုပ်မှာ မှီခို အားထားရာ မရှိပါ။ ဒါကြောင့် သင့်ကို မှီခို အားထားလိုက်ပါတယ်။


ဒီအခါ ရထားရှင်ဟာ သူ့အတွက် အစေအပါး တစ်ယောက် အခမဲ့ ရမယ်ဆိုပြီး ဝမ်းသာသွားတယ်
ဒါနဲ့ လိုက်ခဲ့ဖို့ခေါ်ပြီး ရထားကို မှန်မှန် မောင်းသွားတယ်.. ရထားစွန်းကိုင်ပြီး လိုက်လာသူကလည်း အစဉ်တစိုက် လိုက်ပါလာတာပေါ့ ..
ဒီလိုနဲ့ ခရီးအတော်ရောက်တော့ ရထားရှင်က ရထားကိုရပ်ပြီး မနီးမဝေးရှိ ရေကန်မှာ ကိုယ်လက်သုတ်သင်ဖို့ သွားသတဲ့ ..
အဲဒီအချိန်မှာ ရထားစွန်း ကိုင်လိုက်လာသူဟာ ရထားပေါ် ခုန်တက်ပြီး မောင်းနှင် ထွက်ခွာသွားတော့တယ်..


မြင်းခွာသံ လှည်းဘီးသံတွေ
ကြားလို့ရထားရှင်လှည့်ကြည့်
လိုက်တော့ လူကပ်ပါးဟာ
သူ့ရထားကို ခိုးယူထွက်ပြေး
သွားတာကိုတွေ့လိုက်ရသတဲ့
ဟေ့ ရပ်ရပ်
ငါ့ရထားကို
ဘယ်မောင်းသွားတာလဲ
ရပ် ရပ်
ရထားရှင်ဟာ ကျယ်လောင်စွာအော်ပြီး ပြေးလိုက်
သွားတယ်။ မောင်းနှင်သွားသူကသူ့ကိုလှည့်တောင်
မကြည့်ဘဲဆက်မောင်းသွားတယ်။ ရထားရှင်က
မောရမှန်းမသိဘဲ အတင်းပြေးလိုက်တာပေါ့ ။
ဒီလိုနဲ့ ရထားရှင်ဟာ
ရထားကိုမီလာတယ်



ရပ်ရပ် ဘယ်လိုကြောင့် ငါ့ရထားကို ခိုးပြေးရတာလဲ
အသင်က ဘာဖြစ်လို့ မဟုတ်မတရား စွပ်စွဲ နေတာလဲ ဒါငါ့ရထားပါ
ရထားသူခိုး သင်ငါ့ကို ပြောင်းပြန်ပြောနေတယ် ရထားကို အခုရပ်လိုက်
ဟေးဟေး စဉ်းစားပြီးပြောပါ ဒါဟာငါ့ရထားပါ သင့်ရထားနဲ့ ပုံစံချင်းတူနေလို့ အထင်မှား နေတာဖြစ်ပါလိမ့်မယ်
ရထားသူခိုး ဟို့ ရထားကို ခိုးသွားပါတယ် ဝိုင်းဖမ်းပေးကြပါ



ရထားရှင်ရဲ့ အော်သံကြောင့် ရွာသူရွာသားတွေ ဝိုင်းလာကြတယ်။ မေးကြမြန်းကြတော့ နှစ်ယောက်စလုံးကသူ့ရထား ကိုယ့်ရထားလို့ဆိုကြတယ်
ဒီလိုနဲ့ မဟောသဓာရဲ့ ဇရပ်တံခါးနားကို ရောက်လာကြတယ်။ မဟောသဓာလည်း ဆူဆူညံညံအသံတွေကြားလို့ ရံရွေဖော်တွေကို စုံစမ်းဖို့ စေလွှတ်လိုက်တယ်။
ရံရွေဖော်ပြန်လာပြီး ရထားခိုးပြဿနာ ဖြစ်ကြောင်း အစီရင်ခံတော့ သူ့ဆီခေါ်လာဖို့ ညွှန်ကြားလိုက်တယ်။
ကဲ ပြောကြပါဦး ရွာထဲရပ်ထဲမှာ အုတ်အုတ်ကျက်ကျက်နဲ့ ဘယ်လို ဖြစ်ကြတာလဲ ရှင်းပြကြပါဦး


မဟောသဓာက အချင်းဖြစ်ပွားသူ နှစ်ယောက်ကိုမေးတော့ ရထားရှင်က အဖြစ်အပျက်အစုံကိုပြောပြတယ်
ရထားမောင်းလာသူကလည်း သူ့ရထား ဖြစ်ကြောင်း ခိုးသူက မဟုတ် မတရား စွပ်စွဲနေတာဖြစ်ကြောင်းပြန်ပြောတယ်
ကဲ အသင်တို့ ကျွန်ုပ်ဆုံးဖြတ်တာကိုနာခံကြပါ..အသင်တို့ရထားကိုကျွန်ုပ်ရဲ့လူ တစ်ယောက်နဲ့အမောင်းခိုင်းပါမယ်.. အသင်တို့နှစ်ယောက်ကရထားနောက်မြီးကို တစ်ယောက်တစ်ဖက်ကိုင်ဆွဲပြီးလိုက်ရမယ်
ရထားကို မလွှတ်ဘဲ အစအဆုံးလိုက်နိုင်တဲ့လူဟာ ပိုင်ရှင်ဖြစ်ပြီး မလိုက်နိုင်ဘဲ လက်လွှတ်ကျန်ခဲ့တဲ့လူဟာ ရထားခိုးဖြစ်ရမယ် သင်တို့ သဘောတူကြသလား


ဒီအခါ နွားခိုးစုံးကသဘောတူ
ကြလို့ မဟောသဓာက ကွင်းပြင်မှာ
ရထားကိုလှည့်ပတ်မောင်းစေပြီး
လူနှစ်ယောက်ကိုကိုင်ဆွဲပြီး
အနောက်ကလိုက်စေတယ်။
မဟောသဓာရဲ့လူဟာ ကွင်းပြင်မှာရထားကိုလှည့်ပတ်
နှန်းစိုင်းမောင်းတော့ ပရိသတ်ကဘယ်သူပြတ်ကျ
ကျန်မလဲကြည့်ရင်းရင်တဖိုဖိုဖြစ်နေကြတာပေါ့။
ရထားရှင်ဟာသူ့ရထားဆုံးမှာစိုးလို့တွယ်ဖက်ထား
ပေမယ့်ကြာတော့မောပန်းတာကိုမခံနိုင်လို့
လက်လွှတ်လိုက်ရတော့တယ်။ ရထားခိုးကတော့
မောပန်းခြင်းမရှိ ဆက်လိုက်သွားသတဲ့။
မဟောသဓာလည်း
ရထားကိုရပ်စေပြီး
အခြင်းပွားသူနှစ်ဦးကို
ပရိသတ်ရှေ့ကို
ခေါ်စေတယ်။


ပရိသတ်အပေါင်းတို့ ဒီလူနှစ်ယောက်မှာ ဟောဒီလူဟာ ရထားနောက်ကိုအဝတ်နှင်ယ် လိုက်နိုင်ပြီးလက်လွှတ်ကျန်ခဲ့တယ်..
ဒီလူကတော့ ရထားနောက် အဝေးကြီးအထိ လိုက်ပါသွားတယ်.. ဒါပေမဲ့ ဒီလူဟာ ပင်ပန်းလို့မောဟိုက်ဖိုလှိုက်မနေဘူး ပြီးတော့ သူ့ကို သေသေချာချာကြည့်ကြပါ..
သူဟာ ရထားနောက်အဝေးကြီးလိုက်ပါ သွားတယ် သူ့ကိုယ်မှာချွေးမထွက်ဘူး ဥပဓိရုပ်ကလည်းချောမောပြေပြစ်တယ် ထိတ်လန့်စိုးရွံ့တဲ့ပုံလည်းမရှိဘူး.. ဒါကြောင့်သူဟာလူသားအစစ်မဟုတ်ဘူး နတ်မဟုတ်ရင်သိကြားပဲဖြစ်ရမယ်
မဟောသဓာရဲ့ စကားကို ကြားတော့ ပရိသတ်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်


ကဲ အသင်ဟာ သိကြားမင်း မဟုတ်လား သိကြားမင်းဖြစ်ရက်နဲ့ ဘာကြောင့်သူတစ်ပါးရထားကို ခိုးယူရတာလဲ ..
ပညာရှိ သင်ရဲ့ပညာ အစွမ်းကိုလူအများသိစေ လိုလို့အခုလိုဤပြုမှု လုပ်ဆောင်တာဖြစ်တယ်
သိကြားမင်း ကျွန်ုပ်ပညာစွမ်းကို လူအများမသိလျှင် ရှိပါစေ။ အခုလိုသူတစ်ပါးစိတ်ဆင်းရဲစေမယ့် အပြုအမူမျိုးနောင်ကိုမလုပ်ပါနဲ့ ကျွန်ုပ်မေတ္တာရပ်ခံပါတယ်..
မဟောသဓာ စကားဆုံးတော့ သိကြားမင်းဟာ လူ့အသွင်ကိုဖျောက်ပြီးသိကြားမင်းအသွင်နဲ့..
သင် မဟောသဓာသတို့သား သင်ဟာ ပညာဉာဏ်ကြီးပါတယ် တရားကိုမှန်ကန်စွာဆုံးဖြတ် နိုင်တဲ့ပညာရှိသုခမိန်ပါပဲ..


သိကြားမင်းဟာပြောပြီး ပျောက်ကွယ်သွားတော့ ပရိသတ်ကအံ့ဩ ဝမ်းသာနေကြတော့တယ်
အထောက်တော်အမတ်လည်း ဝိဒေဟရာဇ်မင်းကြီးဆီ ရထားတရား စီရင်ပုံကိုတင်လျှောက်ပြနေတယ်။
မင်းကြီးဟာ အထောက်တော်အမတ်တင်လျှောက်တဲ့ ရထားတရားစီရင်ပုံကိုသေနကအမတ်ကြီးကို ခေါ်ပြောပြပြီး သဘောထားကိုမေးမြန်းတယ်
သေနက အမတ်ကြီး ဒါတော့ မဟောသဓာ သတို့သားကိုခေါ်ချင်ပြီ သင်ဘယ်လိုသဘောရသလဲ


အရှင်မင်းကြီး တရားဆုံးဖြတ်နိုင်ရုံ
ဘီလူးမကို ဘီလူးမမှန်း သိရုံ၊
သိကြားမင်းကို သိကြားမင်းမှန်းသိရုံမျှနဲ့
ငယ်ရွယ်လွန်းတဲ့သူကို သူခမိန်အရာ
ထားပြီး မမြှောက်စားသင့်သေးပါဘူး
ဒါဆိုရင် အမတ်ကြီး
ဘယ်လိုပြုသင့်သလဲ
မဟောသဓာ သတို့သားကို
ခက်ခဲတဲ့အမေးပုစ္ဆာပြဿနာ
များများမေးရပါမယ် ပြဿနာ
အားလုံးကို ဖြေရှင်းနိုင်မှသာ
ပညာရှိသူခမိန်အရာထားပြီး
ချီးမြှောက်သင့်ပါတယ်။
ဒါနဲ့ ဝိဒေဟရာဇ်
မင်းကြီးလည်း သေနကာ
အမတ်ကြီးကို အမေးပုစ္ဆာ
ပြဿနာတွေ စီစဉ်ဖို့
အမိန့်ချမှတ်လိုက်သတဲ့
ပြီး



တစ်ခါက ရွာတစ်ရွာမှာ မြေးအဘွားနှစ်ယောက်နေထိုင်ပါတယ်။ဆင်းရဲမွဲတေမှုကို အန်တုကာ သမ္မာအာဇီဝနည်းနဲ့ ဝမ်းရေးအတွက် ရှာဖွေစားသောက်ကြတယ်။

“မြေးလေး မောင်လုံးရေ မနက်ဖြန်အိပ်ရာကစောစောထပြီး အဘွားနဲ့အတူတောထဲကို လိုက်ရမယ်။ အခု ရာသီက မှိုတွေအထွက်ပေါတဲ့အချိန်ကွယ့်။ များများခူးလို့ရရင် ဈေးမှာသွားရောင်းကြမယ်”

“ဟုတ်ကဲ့ပါ အဘွား”

နောင်တစ်နေ့ နံနက်စောမှာ လိုအပ်တဲ့ပစ္စည်းတွေကို တောင်းတစ်လုံးထဲထည့်ပြီး မြေး၊ အဘွားနှစ်ယောက်တောထဲသို့ ထွက်လာပါတယ်။

“အဘွား ဒီမှာကြည့်ပါဦး။ မှိုတွေအများကြီးပဲဗျ”

ပျော်ရွှင်မြူးတူးနေတဲ့ မြေးလေးကို ကြည့်ပြီး အဘွားရဲ့စိတ်ထဲမှာ အတွေးတစ်ခုခေါင်းထဲရောက်လာတယ်။

“ဩော် ငါ့မြေးလေး အသက်က ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အလူပျိုအရွယ်တောင် ရောက်လာပြီ။ ငါသေသွားခဲ့ရင် သင်ပေးထားမှ ဖြစ်လိမ့်မယ်”

“မြေး ဒီနားကိုခဏလာပါဦးကွယ်။ ဟော ဟိုဘက်ကသစ်ပင်ကြီးကိုကြည့်စမ်း။ အဲဒီ သစ်ပင်ကိုကျွန်းပင်လို့ခေါ်တယ်။ ကျွန်းပင်တွေက သိပ်ပြီး အဖိုးတန်တယ်။ အိမ်ဆောက်လို့ရသလို ပရိဘောဂ ပြုလုပ်တဲ့နေရာမှာလည်း သုံးလို့ရတယ်။ ညာဘက်ခြမ်းမှာ ပေါက်နေတာက လက်ပံပင်တွေပဲ”

“မြေး မှတ်ထားလိုက်ပါပြီး အဘွား”

သစ်ပင်တွေရဲ့ အမျိုးအစားကို အဘွားကသေသေချာချာရှင်းပြပါတယ်။ စကားတပြောပြောနဲ့ မှို တွေတဝကြီး ခူးဆွတ်ပြီးနောက် အမောဖြေအနားယူကြတယ်။

“အဘွားမောနေပြီလား။ ရေတစ်ခွက်လောက် သောက်လိုက်ပါဦး”



မြေးဖြစ်သူက ရေသိတ်ငတ်နေပေမဲ့ ရေတကောင်းထဲမှရေများကို အဖုံးထဲသို့ လောင်းထည့်ကာ အဘွားကို အရင်ဦးဆုံး ရေတိုက်လိုက်ပါတယ်။

“အေးကွယ် လိမ္မာလိုက်တာ။ ရင်ထဲမှာ အေးမြသွားတာပဲ။ မြေးလည်း သောက်လေ”

မောင်လုံးက ရေတကောင်းကို ငုံ့ယူလိုက်တယ်။ သောက်ရေတစ်ခွက်စာ ကျန်နေသေးတယ်။ ရေဆာဆာနဲ့ တစ်ဝသောက်လိုက်မယ်လို့ ဟန်ပြင်ခိုက်မှာ ရဟန်းတော်တစ်ပါး အနီးပါးမှ ကြွသွားပါတယ်။ ရဟန်းတော်ရဲ့ အသွင်ပြင်လက္ခဏာဟာ ခရီးဝေးမှ ကြွလာဟန်ရှိပါတယ်။

“ဘုန်းဘုန်းဘုရား ခဏရပ်တော်မူပါဦး။ တပည့်တော် သောက်ရေကို ကပ်လှူပါရစေ”

ရဟန်းတော်ရဲ့အနားကို မောင်လုံးရောက်သွားကာ သောက်ရေကို ကပ်လှူလိုက်တယ်။

“ဒကာလေး လှူဒါန်းတဲ့သောက်ရေက မောပန်းမှုတွေကို တကယ်ပဲ ပြေပျောက်သွားစေတယ်။ ရေလှူဒါန်းမှုအတွက် အကျိုးဆယ်ပါး ရနိုင်တယ်”

“တပည့်တော် မသိတဲ့အတွက် အဓိပ္ပါယ်အကျယ်ကို မိန့်တော်မူပါဦး ဘုရား”

“လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ဉာဏ်ပညာကြီးမားခြင်း အစရှိတဲ့ကောင်းကျိုး ချမ်းသာများကို ရရှိခံစားရပါလိမ့်မယ်”

“တပည့်တော် ကောင်းမွန်ရှိသေစွာ မှတ်သားထားပါတယ် ဘုရား”

ရှင်းလင်းမိန့်ကြားတော်မူပြီးနောက် လိုရာခရီး လမ်းသို့ ရဟန်းတော်က ဆက်လက်ကြွမြန်းပါ တယ်။ မောင်လုံးရဲ့ အပြုအမူကို အဘွားက နှစ်ခြိုက်သဘောကျလွန်းလို့ သာဓုခေါ်ဆိုပါတယ်။

"ဒီတောင်းလေးကို သယ်လာခဲ့ မောင်လုံးရေ အဘွားတို့အိမ်ပြန်ကြမယ်"

တစ်ညနေခင်းမှာ ရွာဦးဘုန်းကြီးကျောင်းမှ အိမ်သို့ မောင်လုံးပြန်လာပါတယ်။

"ဆရာတော်ကြီးထံကနေ စာပေ၊ ပညာသင်ယူရတာ အဆင်ပြေရဲ့လား မြေးလေး"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်။ စာအုပ်တစ်အုပ်လက်ဆောင်ရလာခဲ့တယ်။ မြို့တော်ကနေ ရောက်လာတဲ့ ဧည့်သည်တစ်ယောက်က ပေးတာပါ"

"ဘာစာအုပ်လဲ မြေးလေးရဲ့၊ အဘွားကို ပြစမ်းပါဦး"

လက်သမား အတတ်ပညာဆိုပြီး ခေါင်းစဉ်တပ်ထားတယ်ဗျ။ လက်တွေ့လုပ်ပုံလုပ်နည်းတွေ မနက်ဖြန်ကျရင် သင်ပေးမယ်လို့ မြေးကို ပြောတယ်"

"အဖိုးတန်စာအုပ်ကောင်း တစ်အုပ်ပဲ။ သေချာလေ့လာပြီးမှတ်သားသင်ယူပါ။ အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် နောင်တစ်ချိန်မှာ အသုံးဝင်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘွား"

မောင်လုံးက ဘုန်းကြီးကျောင်းတွင် ဝေယျာဝစ္စအလုပ် တွေကို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသလို သောက်ရေ သုံးရေအတွက်လည်း နေ့စဉ်မပြတ် ရေခပ်ထည့် ပေးတယ်။

တစ်ဖက်မှာလည်း လက်သမားအတတ်ပညာကို မောင်လုံးက လေ့လာဆည်းပူးပါတယ်။ နှစ်ဝက်လောက် ကြာပြီးတဲ့နောက်မှာ ဘုန်းကြီးကျောင်းမှာ တည်းခိုတဲ့ ဧည့်သည်က မြို့တော်ဆီကိုပြန်ဖို့ ပြင်ဆင်ပါတယ်။

"ဆရာ့ကို တပည့်က ကျေးဇူးတင်ပါတယ်။ ဆရာသင်ကြားပေးခဲ့တဲ့ အတတ်ပညာကို လူတွေအတွက်ကောင်းမွန်စွာ အသုံးချပါ့မယ်"

မောင်လုံးက ဆရာ့ကို ရိုကျိုးစွာဦးချ ဂါဝရပြုကန်တော့ပါတယ်။ လက်သမားဆရာကြီးလည်း တပည့်ကောင်းတစ်ဦးရရှိသွားတဲ့အတွက် ကြည်နူးဝမ်းသာစွာနဲ့ မြို့တော်ကို ပြန်သွားပါတယ်။

နောက်တစ်နေ့ နံနက်စောစောမှာ အဘွားအတွက် အိမ်ကောင်းကောင်းတစ်လုံးဆောက်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မောင်လုံးတောထဲကို ထွက်လာပါတယ်။ တောထဲရောက်တာနဲ့ မောင်လုံးက သစ်ပင်တွေကို ခုတ်ဖြတ်ကာ လှည်းတစ်စီးစာ သစ်တွေကို ခွဲခြမ်းစိပ်ဖြာပြီး အိမ်သို့သယ်ဆောင်လာတယ်။ ဒီလိုနည်းနဲ့ သယ်ယူလာတာ ရက်သတ္တပါတ်အနည်းငယ်ကြာတဲ့အခါ လိုအပ်တဲ့ပစ္စည်းတွေကို စုဆောင်းရရှိတယ်။ လပေါင်းအနည်းငယ်ကြာပြီးနောက် အဘွားပိုင်တဲ့ မြေကွက်မှာ အိမ်တစ်လုံး ဆောက်လုံးပြီးစီးသွားတယ်။

"အဘွားရေ မြေးဆောက်ထားတဲ့အိမ်လေးကို ကြည့်ပါဦး။ ဒါကဧည့်ခန်း၊ ဧည့်ခန်းနဲ့မျက်နှာချင်းဆိုင် အခန်းက အဘွားအတွက် ဘုရားခန်းပေါ့"

မောင်လုံးရဲ့ လုပခိုင်ခန့်တဲ့လက်ရာကို အဘွားက ခေါင်းတညိတ်ညိတ်နဲ့သဘောကျနေတယ်။

"ဘုရားခန်းနဲ့ ဘေးချင်းကပ်လျက်အခန်းက အဘွားအတွက်အိပ်ခန်းပါဗျာ။ ဒီခြေရင်းဘက်က မြေးရဲ့အိပ်ခန်းပေါ့။ ဟောဟိုဘက်နားက အခန်းက ထမင်းစားခန်းပါ။ အနောက်ဘက် အခန်းနှစ်ခန်းက မီးဖိုခန်းနဲ့ သန့်စင်ခန်းပါခင်ဗျာ"

မြေးလေးသာ အဝေးတစ်နေရာကို ထွက်သွားရင် တစ်ယောက်တည်းနေရမှာကို ရုတ်တရက်တွေးပူမိပြီး အဘွားကကြေကွဲ ဝမ်းနည်းလာတယ်။

"မြေးလေးရေ အဘွားအတွက် ဒီအိမ်ကသိပ်ကို ကောင်းမွန်ပြည့်စုံ လွန်းပါတယ်ကွယ်။ ဒါပေမဲ့ မြေးပါအတူရှိနေမှ အဘွားအတွက် ရှင်သန်နေထိုင်ရတာအဓိပ္ပါယ်ရှိလိမ့်မယ်။"

"မြေးကလည်း အဘွားကို သိပ်ချစ်ပါတယ်။ အဘွားအသက်ရှင်နေသရွေ့ အနားမှာအမြဲတမ်း ရှိနေမှာပါ။"

အဘွားရဲ့ ပခုံးကို မောင်လုံးက လက်နှစ်ဖက်ဖြင့် နွေးထွေးကြင်နာစွာ ပွေ့ဖက်လိုက်တယ်။ "အဘွား . .မြေးကို ကတိတစ်ခုပေးပါဗျာ။ တောထဲသွားတဲ့အလုပ်ကိုမလုပ်ပါနဲ့တော့နော်။ကောင်းမှုကုသိုလ်တွေပြုလုပ်ရင်း မြေးနဲ့အတူတူ အသက်ရှည်ရှည်၊ ကျန်းကျန်းမာမာနေစေချင်ပါတယ်။

ဒီလိုနဲ့အိမ်ရဲ့စီးပွားရေးကိုမောင်လုံးကကိုယ်တိုင်ဦးစီးလုပ်ဆောင်ပါတယ်။ အိမ်ထောင်၊ ပရိဘောဂတွေပြုလုပ်၊ ရောင်းချပြီး စီးပွားရှာတယ်။ လက်သမားအဖိုးအခကို သင့်တင့်မျှတတဲ့နှုန်းထားနဲ့ တောင်းယူပါတယ်။ ဆင်းရဲ၊ နွမ်းပါးသူတွေရဲ့ အိမ်တွေကို လက်သမားခ မယူဘဲ အခမဲ့ပြုပြင်၊ တည်ဆောက်ပေးတယ်။

နှစ်တွေကြာလာတာနဲ့အမျှ မောင်လုံးရဲ့ဂုဏ်သတင်းက အခြားကျေးရွာများသို့ပါ ပျံ့နှံ့သွားတယ်။

လက်သမားအတတ်ကို မောင်လုံး မတတ်မြောက်ခင်က ဆိုရင် တစ်ဘက်ရွာမှာ နေတဲ့ လက်သမား ဆရာဦးခဲကိုသာ အားကိုးခဲ့ကြရတယ်။ အဲဒီလက်သမားဆရာဦးခဲက ကျသင့်တဲ့ အဖိုးအခထက်ပိုပြီး အလွန်အကျွံ မတန်မဆ တောင်းလေ့ရှိပါတယ်။ အခုတော့ မောင်လုံးကြောင့် သူ့ဝင်ငွေတွေ လျော့ကျသွားရတယ် ဆိုပြီး မကျေမနပ် ဖြစ်နေတယ်။ "ဒီကောင်လေးကိုဒီအတိုင်းလွှတ်ထားလို့မဖြစ်ဘူး။ လက်သမားအလုပ်ကိုဆက်မလုပ်နိုင်အောင်တားဆီးမှဖြစ်မယ်။"

ရက်အနည်းငယ်အကြာ . . မောင်လုံးကို သူနဲ့ အတူတူ အလုပ်လုပ်ဖို့ ဦးခဲက လာခေါ်တယ်။ "မောင်လုံးရေ ငါတို့ရွာမှာ အိမ်အကြီးကြီးတစ်လုံး စဆောက်နေပြီ။ လူအင်အားမလုံလောက်လို့ ငါနဲ့အတူ လိုက်ပြီးအကူအညီပေးပါဦး။ လုပ်အားခလည်း မင်းကြိုက်သလောက်တောင်းပါကွာ။ ငါပေးပါ့မယ်။" "သင့်တင့်တဲ့ လုပ်အားခပေးရင် ကျေနပ်ပါတယ်ခင်ဗျာ။ အဲဒီရွာမှာပဲအိပ်ပြီး အလုပ်လုပ်ရမယ်ဆိုရင်တော့ လက်မခံပါရစေနဲ့။ အဘွားတစ်ယောက်တည်းကို အိမ်မှာ အကြာကြီးထားခဲ့ရတာ စိတ်မချလို့ပါဗျာ။" "အေးပါ။ ငါသဘောတူပါတယ် နံနက်စောစောအိမ်ကနေ ထွက်လာလို့ရတာပဲ။ ညနေရောက်တော့ အိမ်ပြန်ပေါ့ကွာ။"

အဘွားထံမှ ခွင့်ပြုချက်တောင်းခံကာ ဦးခဲနဲ့ အတူမောင်လုံး လိုက်သွားတယ်။ အလုပ်ခွင်ထဲမှာ မောင်လုံးကို ဒုက္ခရောက်အောင် စိတ်ထားမကောင်းတဲ့ဦးခဲက ယုတ်မာတဲ့နည်းလမ်းအမျိုးမျိုးသုံးကာ

ကြိုးစားနေပါတယ်။ ဦးခဲရဲ့ ကောက်ကျစ်မှုကို မောင်လုံးက လုံးဝမသိရှာဘူး။ ဦးခဲကို လူကြီးတစ်ယောက် အနေနဲ့မောင်လုံးက ရိုရိုသေသေ ဆက်ဆံတယ်။

"ဦးလေးခဲ စာဖို့ ကောင်းညှင်းပေါင်း ယူလာခဲ့တယ်။"

တစ်နေ့ . .

ဦးခဲက "သစ်တုံးကိုပုဆိန်နဲ့နှစ်ခြမ်းခွဲချင်လို့မောင်လုံး ရေ့ . . ခဏလေး လာကိုင်ပေးထားပါကွယ်။"

ပုဆိန်ကိုလက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ကာ မောင်လုံး ရဲ့လက်ပေါ်သို့ ဦးခဲက အားကုန်ခုတ်ချလိုက်တယ်။ "အား . . နာတယ်။ ဟာ သွေးတွေအများကြီးထွက်လာပြီ။"ဦးခဲက ကြောက်လန့်တကြား အော်ဟစ်လိုက်တယ်။ ဦးခဲဦးနှောက်ထဲမှာ မနာလိုမုန်းတီးမှုတွေ ပြည့်နှက်နေတာကြောင့် မျက်လုံးထဲမှာ ဘာကိုမှမမြင်တွေ့တော့ဘဲ လွဲချော်ပြီး ကိုယ်ရဲ့ပေါင်ကို ပြန်ခုတ်မိသွားတယ်။

မောင်လုံးက သူ့ရဲ့ပုဆိုးအောက်ပိုင်းကို ဆုတ်ဖြဲကာ ဦးခဲရဲ့ ဒဏ်ရာသွေးတိတ်သွားအောင် စည်းပေလိုက်တယ်။ "ဦးလေးခဲကို အိမ်ပြန်ပို့ပေးပြီး ဆေးဆရာပင့်ပေးမယ်။ ကျုပ်ကိုတွဲပါဗျာ။"

မောင်လုံးက ကောင်းကောင်းမွန်မွန် ဆက်ဆံသော်လည်း ဦးခဲက ဒေါသထွက်ကာ မကျေမနပ်ဖြစ်နေဆဲပင်။ ဆေးဆရာက "အနည်းဆုံးတစ်လလောက်တော့ အလုပ်မလုပ်ဘဲ နားမှရလိမ့်မယ်။ ဒဏ်ရာကတော်တော်လေးနက်တယ်။ အနာနေရာက ကိုက်ပြီး အဖျားတက်လိမ့်မယ်။ ကျုပ်ပေးထားတဲ့ဆေးကို သေချာဂရုတစိုက် သောက်ရလိမ့်မယ်။" ဒဏ်ရာပြင်းထန်လွန်းလို့ ဦးခဲမှာမှာ အချိန်တိုင်း အော်ဟစ်ငြီးငြူနေရတယ်။ ဆေးဝါးကုသမှုခံယူနေပေမဲ့ ဒဏ်ရာက ပြည်တည်လာကာ အခြေအနေဆိုးရွားလာတယ်။

"အလုပ်မဆင်းနိုင်တော့ ဦးလေးတို့ အိမ်အသုံးစရိတ်အတွက် အခက်တွေ့နေမှာပေါ့။ အားမနာပါနဲ့။ ဒီငွေကို လက်ခံထားလိုက်ပါခင်ဗျာ။"

မိမိရရှိတဲ့လုပ်အားခထဲက တစ်ဝက်ကို ညနေတိုင်း ဦးခဲရဲ့ အိမ်ကိုလာပြီး မောင်လုံးက ခွဲဝေပေးပါတယ်။

နောက်ဆုံးမှာ ခြေထောက်တစ်ဖက်ကို ဖြတ်လိုက်တဲ့အထိ ဒဏ်ရာအခြေအနေက ဆိုးရွားလာတယ်။ ခြေထောက်တစ်ဖက်ကို ဆုံးရှုံးလိုက်ရချိန်မှ စိတ်ထိခိုက်ဝမ်းနည်းမှုနဲ့အတူ မကောင်းမှုပြုမိတဲ့တန်ပြန်ရလဒ် ဆိုးကျိုးကို နားလည်သဘောပေါက်သွားတယ်။ မောင်လုံးကို ဦးခဲက သူပြုလုပ်ခဲတဲ့မိတဲ့ အမှားတွေအတွက် ဝန်ချတောင်းပန်ပါတယ်။

အဲဒီနေ့က စပြီး ဦးခဲက စိတ်ထားကို ကောင်းမွန်းမှန်ကန်စွာ ထားတတ်လာတယ်။ မောင်လုံးက အသက်ငယ်ရွယ်သူ ဖြစ်ပေမဲ့ စိတ်သဘောထားဖြူစင်မွန်မြတ်ကာ လက်မှုအတတ်ပညာရပ်မှာ သူမတူအောင် ထူးချွန် ထက်မြက်တာကြောင့် လက်သမားအတတ်ပညာ သင်တန်းကျောင်းတစ်ခုကို ထူထောင်ဖွင့်လှစ်နိုင်တယ်။ မောင်လုံးတို့မြေး၊ အဘွားနှစ်ယောက် ကောင်းမှု၊ ကုသိုလ်များကိုနေ့စဉ်မှန်မှန် ပြုလုပ်ရင်း ချမ်းချမ်းသာသာနဲ့ အသက်ထက်ဆုံးကျန်းမာပျော်ရွှင်စွာ နေထိုင် သွားကြပါတယ်။

ဇီဇီ (ဆေးဝါးတက္ကသိုလ်)


# ဧကရာဇ်နှင့်သူ၏သိမ်းငှက်


ကာတွန်း ဝင်းမောင်မောင်




သျှနိုးအာတူ တောကျွမ်း မုဆိုး
တွေလည်း ပါလာတယ်...
ပြီးတော့ အမဲလိုက် ခွေးကြီးတွေနဲ့ စစ်သူရဲ
တပ်စုတစ်စုလည်း ပါလာသေးတယ်။
ဒီတော့ ဘုရင်ကြီး တောလိုက်ထွက်လာတာဟာ နောက်လိုက် အခြွေအရံ
တွေအများကြီး နဲ့ဆိုတော့ တောထဲကို စစ်တပ်ကြီး တစ်တပ် ချီတက်လာ
တယ်လို့ ထင်မှတ်ရတော့တာပေါ့။


သန်မာထွားကြိုင်းတဲ့ သိမ်းငှက်ကြီး တစ်ကောင်ကလည်း မြင်းစီးလာတဲ့ဘုရင်ကြီး ရဲ့ လက်ကောက်ဝတ် တစ်ဖက်ပေါ်မှာသူ့ရဲ့ ခြေသဲတွေနဲ့ ကုပ်တွယ် နားခိုပြီး လိုက် ပါ လာသေးတယ်
ဟဲ့ · ဖော်သားကြီး အမဲ ရှာလိုက် ဦး ...
ဘုရင်ကြီးက အမိန့်ပေးလိုက်တာနဲ့ သိမ်းငှက်ကြီးဟာ ကောင်းကင် ပေါ်ကို ပျံတက်ပြီး သားကောင်ကိုရှာတော့တာပဲ ။ သားကောင် အငယ်လေး တွေကို တွေ့မိ ဆိုရင် တစ်ခါတည်း ထိုး ဆင်းပြီး သူ့ရဲ့သန်မာပြီးချွန်ထက်တဲ့ ခြေသည်းတွေနဲ့ ကုပ်ချီပြီးဖမ်းဆီးလိုက်တာပဲ ။


သူ့ရဲ့ခြေသည်းတွေနဲ့
ကုပ်ချီဖို့ခဲယဉ်းတဲ့
သမင်၊ဒရယ်၊ဆိုင်၊ဆတ်
သားကောင်ကြီး
တွေကိုတွေ့ရင်
တော့သူဟာ ခွေး
တွေကိုအသံ
ပေးပြီး
ဝုတ်ဝုတ်
ဝေါင်း


သားကောင်ရဲ့ ပြေးလမ်းကို ခွေးတွေက ပိတ်ထားတုန်း မှာ မြားနဲ့ ပစ်ခွင်းလိုက် ကြတာပါပဲ ။
ဒါပေမဲ့ ဒီနေ့မှာတော့ သူတို့ဟာ တောကောင် ရှာမတွေ့ကြ ဘူး ...
ဒီညနေ့ သူတို့ဆာ လောင်ကြ တယ်


ဂုဏ်ဝင် ရိုင်း လိုက်တာ၊ နန်းတော်ထဲကို သားကောင်မပါပဲ လက်ဗလာနဲ့ပြန်ရမှာ ရှက်ဖို့ကောင်း လိုက်တာ..
မင်းတို့ အားလုံး နန်းတော်ထဲပြန် ကြတော့
ငါ တစ်ယောက်တည်း ဒီတောင်ပေါ်လမ်းက ပြန်မယ်..
သားကောင်မရလို့ စိတ်တိုနေတဲ့ဘုရင်ကြီးဟာ တောင်ပေါ်လမ်းဆီကို တစ်ဦးတည်းထွက်သွားတော့တယ်။



ဘုရင့် အမိန့်ကို မလွန်ဆန်ဝံ့တဲ့ သူ့ရဲ့နောက်လိုက် တွေလည်း ဘုရင်ကြီးနဲ့ လမ်းခွဲပြီး ပြန်ကြရတော့ တာပေါ့
ဘုရင်ကြီးလည်း လမ်းကြမ်းတဲ့ တောင်ပေါ်လမ်း က တစ်ဦးတည်း ပြန်ခဲ့တယ်။
ဘုရင်ကြီးရဲ့သိမ်းငှက် ဟာ သူ့ကို စွန့်ခွာပြီး ပျံထွက်သွားတယ်။
ပူလောင်တဲ့ နေ့တစ်နေ့ ဖြစ်တဲ့ အတွက် ဘုရင်ကြီးဟာ ရေဆာ လာတော့ တာပေါ့။





ဘုရင်ကြီးဟာ မြင်းကိုခပ်ဖြည်းဖြည်းပဲ စီးလာခဲ့တယ်။




တနေ့ကျတော့ ကျောက်တုံးကျောက်ခဲတွေ
ကြားမှာ ရေစက်ရေပေါက်ကလေးတွေ ကျနေတာ
တွေ့လိုက်ရတဲ့အတွက် သူသိပ်ဝမ်းသာသွားတယ်။








ဒီ၊ နေပူလို့ ကောနေတဲ့ ရေတံခွန် ဖြစ်ရမယ်
မိုးရာသီဆို ရင်တော့ ရေတွေ ဒလဟော စီး နေမှာပဲ...
ဘာပဲဖြစ် ဖြစ်၊ ငါ့မှာ ခွက် ပါတာပဲ၊ ရေကိုရအောင် ခံရမယ်...
ဘုရင်ကြီးဟာ မြင်းပေါ်က ခုန်ဆင်းပြီး ကျနေတဲ့ရေစက် တွေကိုရေခွက် နဲ့ခံဖို့ သူ့အမဲ လိုက်အိတ်ထဲက ငွေရောင်ခွက်ကို ထုတ်ယူလိုက် တယ်။
ခွက်ကိုရေပြည့်ဖို့က အချိန်တော်တော် ကြာအောင်စောင့်ရ တာပေါ့။



နောက်ဆုံး ခွက်ပြည့်လုနီးပါး ဖြစ်ချိန်မှာ
သူဟာ ခွက်ကို နှုတ်ခမ်းမှာတေ့ပြီး သောက်ဖို့
ပြင်လိုက်တယ်ဆိုရင်ပဲ ....
ဟယ်
လေထဲမှာ "ဝှီး" ခနဲ အသံကို ကြားလိုက်ရပြီး ရေခွက်ဟာ သူ့လက်က နေ ပုတ်ထုတ် ခံလိုက်ရတယ်
ကျွန် ...


အရှင်ကြီးဟာ ဘယ်သူလုပ်တယ်ဆိုတာ မော့ကြည့်လိုက်တော့ သူ့အချစ်တော် သိမ်းငှက် ဖြစ်နေတာကို တွေ့လိုက်ရပါရော . .
သိမ်းငှက်ဟာ ရေတွေကျနေတဲ့ ချောက်တွင်းကြားကို ပျံဝဲသွားတယ်။
ကြည့်စမ်း အာလိုလိုက်ထားလို့ ခိုးတာလား
အရှင်ကြီးဟာ ခွက်ကိုပြန်ကောက်ပြီး ရေစက်တွေကို ခွက်နဲ့ထပ်မံ ခံယူပြန်တယ် . . . . .
မြန်လာ ဂါရင်လာ စမ်း
ဒီတစ်ကြိမ်တော့ သူဟာ အကြာကြီး မစောင့်ပဲ ခွက် တစ်ဝက်လောက် ပြည့်တာနဲ့ သူ့ ပါးစပ်မှာတေ့ လိုက်တယ်။


ဒါပေမဲ့ ပါးစပ်နဲ့ မထိခင်မှာပဲ သိမ်းငှက်ဟာ ထိုးဆင်းလာပြီး ရေခွက်ကိုထိုးသုတ်ချလိုက် ပြန်ပါလေရော . . .
ဒီတစ်ခါမှာတော့ ဘုရင်ကြီးဟာသိပ်ကို စိတ်ဆိုးသွားတယ် လေ . . . .
သူ့နောက် တစ်ကြိမ် ထပ်ကြိုးစားတဲ့ အခါမှာလည်း သိမ်းငှက်ဟာ ရေခွက်ကိုထပ်ခါ ထပ်ခါ ပုတ်ချတာပဲ . . . . .


ဘုရင်ကြီးရဲ့ ဒေါသ အရှိမ်း
ကိုပေါက်ကွဲသွားပါပြီ...
ဖောင်းကာဒီလို
လုပ်ရဲတယ်ပေါ့!
ဟုတ်လား...
တွေ့ကြသေး
တာပေါ့ကွာ
...
သူဟာ
ခွက်ကို
ထယ်ပြီး
ရေခံပြန်
တယ်..
ဒီတစ်ကြိမ်
မှာတော့ သူဟာ
ရေမသောက်ခင်
ဓါးကိုဆွဲထုတ်
လိုက်တယ်..
ကျိုင်း
အမောင်သိမ်းငှက်
ဒါဟာနောက်ဆုံး
အကြိမ်ပဲ...
ဒီတစ်ကြိမ်မှာလည်းသိမ်းငှက်
ဟာ ရေခွက်ကိုထိုးသုတ်ဖို့
ကောင်းကင်ကနေ ထိုးဆင်းလာ
ပြန်တယ်....


ဘုရင်ကြီးဟာ သူ့စောင့်ဆိုင်းတဲ့အတိုင်း ဖြစ်လာတာမို့ သိမ်းငှက် ဖြတ်ပြန်သိန်မှာ ဓါးနဲ့ ထွက်ချလိုက်တာပေါ့
မြင်းထိန်တဲ့ ဓါးချက်ကြောင့် သိမ်းငှက်ဟာ ဆက်မပျံနိုင်တော့ဘူး
ခဏအကြာမှာ သနားစရာ သိမ်းငှက်ဟာ သွေးတွေထွက်ပြီး သူ့သခင်ရဲ့ ခြေရင်းမှာသေဆုံး ရှုံးရှုံး ဖြစ်နေတယ် . . .
ဒါဟာ မင်းရဲ့ အိုက်ဖြစ်ကို မင်းခံရတာ ပဲ . . .
ဘုရင်ကြီး ဟာ လွတ်ကျသွားတဲ့ သူ့ရဲ့ ရေခွက်ကို ရှာကြည့်တဲ့အခါ
ကျောက်တုံး နှစ်ခုရဲ့ကြား သူမမိနိုင်တဲ့နေရာကို ရောက်နေတာ တွေ့ရတယ်။


နောက်ဆုံး မှာကျောက် ဆောင်ကြီး ပေါ်ကရေကန် ဆီရောက်အောင် သွားဖို့သူ ဆုံးဖြတ်လိုက် တယ်...
ဒီကျောက် ဆောင်ပေါ် မှာရေကန် ရှိရမယ်...
ဘာပဲဖြစ်ဖြစ် ဒီရေအိုင်ထဲက ရေကိုငါ ရ အောင်သောက် မယ်..
ဘုရင်ကြီးဟာ ကျောက်ဆောင်ပေါ် ကိုခဲခဲယဉ်းယဉ်း တွယ်တက်ခဲ့ရတယ်
နောက်ဆုံးမှာ ရေကန်ကို ရောက်သွား တဲ့အခါကျ တော့ ရေထဲ မှာ ....
အဆိပ်ပြင်းထန်တဲ့ မြွေဆိုးကြီးတစ် ကောင်သေနေတာ ကိုတွေ့ရပါလေရော တကယ်တော့ သိမ်းငှက် ဟာ မြွေဆိပ်တွေပျံ့နေ တဲ့ရေကိုသောက်မိပြီး သခင်သေမှာစိုးလို့ရေခွက် ကိုပုတ်ချခဲ့တာပဲ...
ဘုရင်ကြီးဟာ သိမ်းငှက်ကို သတ်လိုက်မိတဲ့ အတွက်သိပ်ပြီး နောင်တရသွား တာပေါ့..
ဒီနေ့တော့ငါဟာ ဝမ်းနည်းစရာ ကောင်းတဲ့သင် ခန်းစာတစ်ခုကို သင်ကြားခဲ့ရ ပါလား .....

# စေတီဟောင်းပြုပြင်သူ

လင်းသက်ခိုင်



ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သားတော် ဗြဟ္မကုမာရဟာ အသက်(၁၆)နှစ်အရွယ်ကပင် လူသားအပေါင်းတို့အား အကျိုးအကြောင်းကို ဆုံးမ ဩဝါဒ ပေးလေ့ရှိသတဲ့ကွယ်။

ဗြဟ္မဒတ်မင်းကြီးဟာ သားတော်ကို အိမ်နီးချင်းနိုင်ငံမှ ရုပ်ရည်အဆင်းလှပ တင့်တယ်သော မင်းသမီးတစ်ပါးနဲ့ လက်ထပ်ပေးပြီး ထီးနန်းကိုပါ လွှဲအပ်ထားလေတယ်။ ကိုယ်တိုင်ကမူ အေးဆေးစွာ နေလေတယ်။

ဗြဟ္မကုမာရ မင်းသားဟာ ပြည်သူပြည်သားတွေကိုဆုံးမလေ့ရှိတယ်။

"လူသားအပေါင်းတို့ သင်တို့သည် လူမိုက်နှင့် လူယုတ်မာကို ဝေးစွာရှောင်ကြပါ။ မမှီဝဲမဆည်းကပ် ကြပါနှင့်။ သူတော်ကောင်းကိုသာ မှီဝဲဆည်းကပ် ကြပါကုန်လော့"

"သူတော်ကောင်း တရားကို သိမှသာလျှင် လူကောင်းလူမြတ်ဖြစ်နိုင်ပါတယ်။ လူအပေါင်းတို့ ဆင်းရဲသော အမျိုး၌ဖြစ်ရခြင်းသည် ယုတ်ညံ့ပါ၏"

သူတစ်ပါးတို့အား နိုင်ထက်စီးနင်းပြု၍ နှိပ်စက်သော သူသည် ငရဲသို့သာ သွားရာလမ်းရှိ၏။

ဗြဟ္မကုမာရ မင်းသား၏ တရားကို နာပြီးသော အခါ ဇမ္ဗူဒိပ်၌ရှိသော မင်းတို့က လက်ဆောင် ပဏ္ဏာအမျိုးမျိုး ဆက်သကြလေသည်။ မင်းအ ပေါင်းတို့ရဲ့ ပူဇော်ဖွယ် အမျိုးမျိုးကိုခံယူ၍မင်း စည်းစိမ်ကို ချမ်းသာစွာခံစားနေတယ်။

ဗြဟ္မကုမာရမင်းသားဟာ အတိတ်ဘဝက တံခွန် လှူဒါန်းခဲ့ဖူးသောကြောင့် ယခုဘဝတွင် ဘုန်းတန်ခိုး အာနုဘော်ကြီးမား၍ ရတနာများနှင့် ပြည့်စုံလေတယ်။ ရွှေ ငွေပေါများပြီး အဆွေအမျိုး များအား ချမ်းသာကို ပေးစွမ်းနိုင်လေတယ်။

အတိတ်ဘဝက ဆီမီးလှူခဲ့သော ကုသိုလ် ကြောင့် ယခုဘဝတွင် ထက်မြက်သော ပညာရှိ တယ်။ အကျိုးကြောင်း၊ အဆိုးအကောင်းသိ တယ်။ ရဲရင့်တည်ကြည်မှုရှိတယ်။ ဆွေမျိုးအလယ်မှာ တင့်တယ်တယ်။ အတိတ်က စေတီကို သုတ်သင် ရှင်းလင်းခဲ့သော ကုသိုလ်ကြောင့် လူအပေါင်းဟာ ဗြဟ္မကုမာရမင်းသားရဲ့နန်းတော်မှာ မြေညီလမ်း ခင်းပေးတယ်။ ကောင်းမြတ်သော အစားအစာ တွေ စားရတယ်။

"ဗြဟ္မကုမာရ၏အတိတ်ဘဝ"

ရှေးလွန်လေပြီးသော ကာလက ဗြဟ္မကုမာရ ဟာ သူဆင်းရဲမျိုးမှာ ဖြစ်သတဲ့ကွယ်။

တစ်နေ့တွင် ထိုဆင်းရဲသားဟာ ပဲခွပ်၊ ပုဆိန် ကိုယူပြီး တောထဲသို့ ထင်းအလို့ငှာ သွားတဲ့အခါ ဆူးခက်ချုံနွယ်တွေ ပိတ်ဖုံးနေသော စေတီတစ်ဆူ ကို တောအလယ်၌တွေ့သတဲ့ကွယ်။ ဒါနဲ့ပင် အဲဒီ ဆူးခက်ချုံတွေကိုသူဆင်းရဲသားကရှင်းပေးသတဲ့။ ပြီးတော့မြေများကိုညီအောင်ညှိလျက်မြစ်တစ်ခုမှ သဲများကိုယူကာ စေတီဝန်းကျင်တွင် သဲများ ခင်းကျင်းလေတယ်။

သူဆင်းရဲသားဟာတင့်တယ်လှပသောစေတီ ကို ပန်းအမျိုးမျိုးနှင့် ပူဇော်၍ လက်ယာရစ်ရှိခိုး လျက် ဤသို့ဆုတောင်းလေတယ်။

"ဤကောင်းမှု ကုသိုလ်ကြောင့် တပည့်တော် သည် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်ရပါလို ၏။ ဘုရားမဖြစ်မီ သံသရာ၌ ကျင်လည်ရသော အခါ မည်သည့်အခါမျှ သူဆင်းရဲမျိုး၌ မဖြစ်ရပါ စေနှင့်"

ဟု ဆုတောင်းလေတယ်။

ညနေချမ်းသို့ရောက်သောအခါ ဗာရာဏသီ မြို့ကို သွား၍ပုဆိုးတစ်ထည် ရောင်း၍ရသော ငွေနှင့် နမ်းဆီ၊ မုန်ညှင်းဆီတို့ ဝယ်ယူပြီး တောထဲ သို့ ပြန်သွားကာ စေတီ၏ အရပ်ရှစ်မျက်နှာ၌ ဆီမီးညှိထွန်း ပူဇော်ပြီး ဤသို့ ဆုတောင်းလေ တယ်။

"ဤဆီမီးလှူရသော ကောင်းမှုကုသိုလ်ကံ ကြောင့် တပည့်တော်ဟာနောင်အခါတွင် ဘုရားဧ ကန် စင်စစ်ဖြစ်ရပါလို၏"

ထို့နောက် မိမိ၏ အပေါ်ဝတ်ရုံ အဝတ်ပုဆိုးကို တံခွန်ပြုလုပ်ပြီး စေတီတွင်ပူဇော်၍ဆုတောင်းပြန် လေတယ်။

"ဤ တံခွန်လှူရသော ကောင်းမှုကြောင့် တပည့်တော်ဟာ နောင်အခါတွင် လူ့ပြည်နတ် ပြည်တို့၌ဖြစ်၍ လူစည်းစိမ်၊ နတ်စည်းစိမ် တို့ကို ခံစားရပါလို၏"

ဆင်းရဲသားဟာ ကုသိုလ်ကောင်းမှုတို့၌ မပျင်း မရှိသောကြောင့် ပုညစိတ္တဟူ၍ ကျော်ဇောလာ တယ်။ ထို့နောက် သေလွန်ပြီး တုသိတာနတ် ပြည်မှာ ဖြစ်၍ နတ်သက်တမ်းစေ့ပြီးနောက် ဗာရာ ဏသီပြည်ဗြဟ္မဒတ်မင်းရဲ့ သားတော်ဖြစ်လာလေ တယ်။

ဗြဟ္မကုမာရမင်းဟာ တရားသဖြင့် မင်းပြုပြီး လူအပေါင်းတို့အား အလှူဒါန ပြုရန်ဆုံးမ ဩဝါဒ ပေးပြီး ကိုယ်တိုင်လည်း မပြတ်လှူလေတယ်။ လူအပေါင်းအားလည်း အလှူပေးရန်တိုက်တွန်း သတဲ့။

ဗြဟ္မကုမာရ မင်းဟာ အသက်ရှည်သမျှနေပြီး နောက် သေသည့်ကာလဝယ် တုသိတာနတ် ပြည်ဝယ် နတ်သားဖြစ်လေတော့သတဲ့ကွယ်။

လင်းသက်ခိုင်။

# ပုဏ္ဏားကြီးနှင့်ပညာစမ်းသူများ

ထူးမမ(ပေါင်)



ဟိုးရှေးရှေးတုန်းက တိုင်းပြည် တစ်ပြည်မှာ အလွန်ကျော်ကြားသောပညာရှိအမတ်ကြီးတစ်ဦး ရှိလေ၏။ ထိုပညာရှိအမတ်ကြီး၏ ဂုဏ်သတင်းသည် တိုင်းပြည်အတွင်း၌သာမက အနီးအနား တိုင်းပြည်များထိပါ ပျံ့နှံ့ထင်ရှားလေသည်။ ထိုအမတ်ကြီး၏ ပညာစွမ်းထက်ပုံ၊ ပညာရည်ပြည့်ဝပုံကိုမယုံကြည်သော တခြားတိုင်းပြည်မှ ပုဏ္ဏားကြီးတစ်ဦးသည် ကိုယ်တိုင်စုံစမ်းရန် ရောက်ရှိလာခဲ့သည်။

ပုဏ္ဏားကြီးသည် လမ်းလျှောက်လာရင်း တစ်နေရာအရောက်တွင် မိမိနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လှမ်းလာသော မိန်းမပျိုလေး တစ်ဦးကို တွေ့သဖြင့်. . .

"အို သူငယ်မ၊ သင်သည်မည်သူ၏သမီးဖြစ်ပါသနည်း"

ဟု ဆီးကြို၍ နှုတ်ဆက်လိုက်ရာ မိန်းမပျိုလေးက. . .

"အကျွန်ုပ်ဖခင်သည် ပေး . . . ပေး ဟူသောအသံဖြင့် အသက်မွေးပါ၏။ ဆိတ်အုပ်တို့နှင့် အဖော်နေပေးတတ်၏။ အကျွန်ုပ်သည် ထိုသူ၏ သမီးဖြစ်ပါ၏။"

ဟု ဖြေကာ နှုတ်ဆက်၍ ဆက်လက်လျှောက်လှမ်းသွားလေ၏။

ပုဏ္ဏားကြီးသည် "ဤသူငယ်မကား ဆိတ်ကျောင်းသူ၏ သမီးဖြစ်၏" ဟု နားလည်သဘောပေါက်မိပြီး ထိုမျှလောက်ငယ်ရွယ်သူ ဖြစ်ပါလျက် ပညာနှင့် ယှဉ်သော စကားကို ပြောတတ်ပေသည်ဟု ထိုသူငယ်မကို စိတ်ထဲမှ ချီးမွမ်းမိလေ၏။

များမကြာမီ ပုဏ္ဏားကြီးလည်း ရွာတစ်ရွာသို့ ရောက်လာပြန်သည်။ ထိုရွာသို့ရောက်လျှင် ယခင်နည်းအတိုင်းမိန်းမပျိုလေးတစ်ဦးကို တွေ့ရသဖြင့် နှုတ်ဆက်မေးမြန်းလိုက်သည်။ ထိုအခါ မိန်းမပျိုလေးကလည်း . . .

"အကျွန်ုပ်၏ ဖခင်သည် နေ့စဉ်နေ့တိုင်း မီးရှို့ခြင်းအလုပ်ဖြင့် အသက်မွေးပါ၏။ ခိုးယူခြင်း၌လည်း ကျွမ်းကျင်လိမ္မာ၏။ သို့သော် ထိုခိုးယူခြင်းသည် ရာဇဝတ်မှုမမြောက်ပါ။ အကျွန်ုပ်သည် ထိုသူ၏သမီး ဖြစ်ပါ၏"

ဟု ဖြေဆိုလေသော် ပုဏ္ဏားကြီးလည်း အတန်ကြာ စဉ်းစားပြီးနောက် ရွှေပန်းထိမ်ဆရာ၏ သမီးဖြစ်ကြောင်း သိရလေ၏။ ထို့နောက်ရှေ့ဆက်ပြီး လျှောက်လှမ်းခဲ့ရာ အမျိုးသမီးငယ် တစ်ယောက်ကိုထပ်တွေ့ရ ပြန်သော် ပုဏ္ဏားကြီးလည်း မေးမြန်းလိုက်ပြန်သည်။ ထိုအခါ အမျိုးသမီးငယ်က...

"အရှင်၊ ဦးခေါင်းလည်းမရှိပါ။ လက်ချောင်းတစ်ချောင်းတည်းရှိပါ၏။ ထိုလက်ချောင်းကို အပေါက်ဖောက်၍ အသက်မွေးကျောင်းပြုပါ၏။ ကျွန်ုပ်သည် ထိုသူ၏ သမီးပင်တည်း။"

ဟူ၍ ဖြေဆို ပြန်သော် ပုဏ္ဏားကြီးလည်း အပ်ချုပ်သည်၏ သမီးဖြစ်ကြောင်း သိရလေသည်။ ထိုအခါ ပုဏ္ဏားကြီးလည်း ဤသို့ တွေးလိုက်မိသည်။

"သြော် တောရွာ ဇနပုဒ်မှာ နေထိုင်တဲ့ လက်လုပ်လက်စား လူတန်းစားတွေကတောင် ဤမျှလောက်ပညာစွမ်း ထက်ကြပါတကား။ ထိုသို့ဆိုလျှင် ဤတိုင်းပြည်မှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ပညာရှိအမတ်ဆိုလျှင် ပညာနှင့် ယှဉ်သော စကားကို မည်သို့ဆိုလိမ့်မလဲမသိပါ"

ထိုသို့တွေးပြီးနောက် ပုဏ္ဏားကြီး ဆက် လက်လျှောက်လှမ်းခဲ့ရာ တစ်နေရာအရောက် တွင် အမယ်အိုကြီးတစ်ယောက်ကို၊ တွေ့ရလေသည်။ အမယ်အို၏လက်ထဲတွင် အဝတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ခုကို ကိုင်ဆောင်ထားသည်ကို မြင်သဖြင့် မည်သည့်အထုပ်ဖြစ်ကြောင်း မေးမြန်းလိုက်သည်။ အမယ်အိုက . . .

"သစ်ပင်ပေါ်တွင် နေလေ့ရှိပါ၏။ သို့ရာတွင် ငှက်တော့မဟုတ်ပါ။ အချိန်တန်ရင် မြေကြီးပေါ် အိပ်တတ်ပါ၏။ ထိုအသီးများဖြစ်ပါ၏။"

ပုဏ္ဏားကြီးလည်း အမယ်အိုရဲ့ အဝတ်ထုပ်ထဲတွင် ရှိသည့်အရာကား သရက်သီးမှန်း သိလိုက်ရ၏။ ထိုအခါ ပုဏ္ဏားကြီးလည်းသည် တိုင်းပြည်ရှိ လူလူသူသူမှန်သမျှ ပညာရှိချည်းပင် ဖြစ်နေရော့သလားဟု တွေးမိပြီး ထိတ်လန့်စပြုလာခဲ့သည်။ မိမိအား တခြားတိုင်းပြည်က ပညာရှိပုဏ္ဏားကြီးဖြစ်ကြောင်း မည်သူမည်ဝါကမှ မသိရှိကြသေး။ သိများသိလျှင် အဘယ်မျှ ပညာစမ်းကြမည် မသိ။ သို့သော် ထပ်မံစုံစမ်းချင်သေးသဖြင့် ခရီးဆက်၍ ထွက်ခဲ့သည်။

တစ်နေရာအရောက်တွင် ကစားနေသော ကလေးငယ်တစ်ယောက်ကို တွေ့သဖြင့် ယမန်နည်းအတိုင်း မေးလိုက်ပြန်ရာ ကလေးငယ်ကလည်း . . .

"အကျွန်ုပ်၏ ဖခင်သည်လူအများ ဖိမ်ခံဖို့ ပြုလုပ်ပေးသူဖြစ်၏။ ထိုအရာဝတ္ထုကား ခြေလေးချောင်းရှိပါ၏။ သို့သော် ခွေးတော့မဟုတ်ပါ"

ဟု ဖြေကြားပြီး ဆက်လက်ကစားရန် ပြေးထွက်သွား၏။ ပုဏ္ဏားကြီးလည်း ကုလားထိုင်ပြုလုပ်သူ၏ သားဟု သဘောပေါက်လိုက်သည်။ တစ်နေရာတွင် တောင်းကို ရွက်၍လျှောက်လာသော အမျိုးသမီးကြီး တစ်ယောက်နှင့် ဆုံပြန်ရာ ထိုအမျိုးသမီးကြီးက . . .

"သည်အရာသည် သစ်ပင်ထက်၌နေ၏။ အလယ်၌ ရေရှိ၏။ သူ့တွင်မျက်စိလည်း သုံးလုံးရှိ၏"

ဟု ပြောရာ အုန်းသီးဖြစ်ကြောင်း သဘောပေါက်လိုက်ပြီး။

"ငါသည် ရွာစဉ်တစ်လျှောက် အရွယ်အစားစုံသော လူတို့နှင့် တွေ့ဆုံရသည်။ ထိုမျှလောက်သော လူတို့သည် ပညာရှိချည်းဖြစ်ကြကုန်၏။ ထိုသို့ဆိုလျှင် ဤတိုင်းပြည်ရှိ ပညာရှိအမတ်ကြီး၏ပညာစွမ်းရည်ကို ခန့်မှန်းကြည့်၍ ရပြီ။ သူ့အားမယုံကြည်မိသည့် ငါ့မှာသာ ရှက်ဖို့ပင်ကောင်း၏"

ဟု တွေးတောမိကာ ထိုပညာရှိအမတ်ကြီးထံ သွားရန် ဆုံးဖြတ်လိုက်သည်။

တိုင်းပြည်ရှိပညာရှိ အမတ်ကြီးထံရောက်သောအခါ ပုဏ္ဏားကြီးသည် မိမိမှာ တစ်ဖက်တိုင်းပြည်မှ ပညာရှိ ပုဏ္ဏားကြီးဖြစ်ကြောင်း၊ ဤတိုင်းပြည်တွင်းသာမက မိမိတို့ တိုင်းပြည်များထိပါ ဂုဏ်သတင်း ကျော်ကြားလျက်ရှိသော အမတ်ကြီး၏ ပညာစွမ်းရည်ကို မယုံကြည်၍ ယခုလိုလာရောက်ရခြင်းဖြစ်ကြောင်း၊ သို့သော် ရွာစဉ်တစ်လျှောက် တွေ့ကြုံခဲ့ရသည့် လူလူသူသူတို့သည် ပညာနှင့်ယှဉ်သော စကားကိုပြောကြ၍ မိမိလည်း အမတ်ကြီး၏ ပညာဉာဏ်ကို အထင်မသေးဝံ့တော့ကြောင်း တောင်းပန်လေသည်။

ထိုအခါ အမတ်ကြီးလည်း မည်သို့မျှ အပြစ်တင်စကားမဆိုဘဲ ပုဏ္ဏားကြီးအား မိမိ၏ မိတ်ရင်းဆွေရင်းကဲ့သို့ အိမ်ခေါ်သွားပြီး ကောင်းစွာ ကျွေးမွေးလေ၏။ ပုဏ္ဏားကြီးလည်း အမတ်ကြီး၏ ပညာစွမ်းရည်ကို ကောင်းစွာမတွေ့မြင်ရသော်လည်း အမတ်ကြီး၏ စိတ်သဘောထား မြင့်မြတ် ပုံကို အကဲခတ်မိခြင်းအားဖြင့် ထိုသူသည်ဤမျှလောက်ကျော်ကြားလည်း ကျော်ကြားထိုက်ပေဟု ကြက်သီးမွေးညှင်းထလောက်သည့် အထိစိတ်တွင်း၌ ချီးကျူးကာ နှုတ်ဆက်၍ မိမိတိုင်းပြည်သို့ ပြန်ခဲ့လေတော့သည်။

ထူးမမ (ပေါင်)

# ရဲဝံ့စွာ အသက်ကယ် ရှင်မိမယ်



ကလေးတို့ရေ

ဒီတစ်ခါ ပြောပြချင်တဲ့ ပုံပြင်လေးက "ရဲဝံ့စွာ အသက်ကယ် ရှင်မိမယ်" ပါကွယ်။

လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ဖုံးလွှမ်းပြီး အသက်ပေါင်းများစွာကို ထီးနန်းအတွက် သတ်ဖြတ်မယ့် ခင်ပွန်းဘုရင်ကို အသိဉာဏ် ပညာနဲ့ ပြည့်စုံတဲ့ မိဖုရားက အကျိုးသင့် အကြောင်းသင့် ဖျောင်းဖျ လျှောက်တင်ပြီး အသက်ပေါင်းများစွာကိုကယ်တင်ခဲ့တဲ့ ပုံပြင်လေးပေါ့။

နားထောင်ရအောင်နော် . . .

ဟိုးတစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်ဘုရင်ကြီးအုပ်စိုးတယ်။ အဲဒီဘုရင်ကြီးမှာ သီဟကုမ္မာနဲ့ရာဇကုမ္မာဆိုတဲ့ သားတော်နှစ်ပါးရှိတယ်။ သားတော်ကြီး သီဟကုမ္မာက အိမ်ရှေ့စံမင်းသားပေါ့။ အိမ်ရှေ့စံသီဟကုမ္မာဟာ စိတ်နှလုံးသား နူးညံ့ကောင်းမွန်တယ်။ သားတော်ငယ်ရာဇကုမ္မာကတော့ ဒေါသကြီးတယ်။ လောဘကြီးတယ်တဲ့ကွယ်။



တစ်ရက်မှာ သားတော်ငယ်ရာဇကုမ္မာရဲ့အခြွေအရံတွေက မြှောက်ပေးကြတာပေါ့။

"အရှင်မင်းသား။ အရှင့်ရဲ့ဖခမည်းတော် ဗြဟ္မဒတ်မင်းကြီးကလည်း အသက်ရှည် ကျန်းမာလျက်ရှိပါတယ်။ အရှင့်ရဲ့ အစ်ကိုတော်အိမ်ရှေ့မင်းသားကလည်း ငယ်ရွယ်နုပျိုစဲဖြစ်ပါတယ်။ ဒါကြောင့် ဗာရာဏသီပြည်ရဲ့ ထီးနန်းစည်းစိမ်ကို အရှင်မင်းသားအနေဖြင့် ပိုင်ဆိုင်ရန် မလွယ်ကူလှပါ"

အဲဒီတော့ ရာဇကုမ္မာက တွေးတာပေါ့။

"ဟုတ်တယ်။ ငါ့ရဲ့ဖခမည်းတော်နဲ့ အစ်ကိုတော်ရှိနေသရွေ့ ငါဘုရင်ဖြစ်မှာ မဟုတ်ဘူး"

အဲဒီလိုတွေးပြီး ရာဇကုမ္မာဟာ ယုတ်မာတဲ့ အကြံအစည်ကို ကြံစည်တော့တာပေါ့။ ရာဇကုမ္မာဟာ ဖခင် ဗြဟ္မဒတ်မင်းကြီး စားတော်ခေါ်မယ့် စားတော်ခွက်ထဲမှာ အဆိပ်ခတ်ပြီး ဗြဟ္မဒတ်မင်းကြီးကို သေကြောင်းကြံတာပေါ့။ အဆိပ်ပါတဲ့ စား ဖွယ်တွေကို စားမိတဲ့ ဗြဟ္မဒတ်ဘုရင်ကြီးဟာ နန်း ရင်ပြင်မှာ လူးလိမ့်အော်ဟစ်နေရတယ်။ ဘုရင်ကြီးရဲ့နံဘေးမှာ မိဘုရားကြီးနဲ့ သားတော်ကြီး အိမ်ရှေ့မင်းသား သီဟကုမ္မာအိမ်ရှေ့စံရဲ့ မိဖုရားထိပ်ထားတို့သာမက မှူးမတ်သေနာပတိတွေဟာ ပျာယာခတ်နေကြတာပေါ့။

အဲဒီလို မင်းကြီးအတွက် သောကရောက်နေကြတုန်းမှာ မင်းသားငယ်ရာဇကုမ္မာနဲ့ သူ့ရဲ့နောက်လိုက်ရဲမက်တွေဟာ နန်းတော်ကို သိမ်းပိုက်လိုက်ပါတယ်။ ရာဇကုမ္မာက ရာဇပလ္လင်ပေါ်ထိုင်လို့ ဘုရင်နေရာကို ယူလိုက်တာပေါ့။

"ငါဟဲ့ ဘုရင်မင်းမြတ် ရာဇကုမ္မာ။ ငါရဲ့အာဏာကို ဖီဆန်ဝံ့သူ ရှိသလားဟဲ့"

အဲဒီလိုကြိမ်းဝါးလိုက်တဲ့ရာဇကုမ္မာရဲ့ အမိန့်အတိုင်း အိမ်ရှေ့စံ သီဟကုမ္မာနဲ့ သီဟကုမ္မာရဲ့ သစ္စာတော်ခံမှူးမတ်တွေ၊ ရဲမက်တွေကို ဖမ်းဆီးချုပ်နှောင်တာပေါ့။ ဝေဒနာ ခံစားနေရဲ့တဲ့ဗြဟ္မဒတ်ဘုရင်ကြီးဟာ သူ့ကိုလုပ်ကြံသူဟာ သားတော်ငယ် ရာဇကုမ္မာဆိုတာ သိသွားတာပေါ့။ ဗြဟ္မဒတ်မင်းကြီးဟာ ဝေဒနာခံစားရင်း အသက်ထွက်သွားသတဲ့ကွယ်။

ရက်စက်ယုတ်မာတဲ့ ဘုရင်အသစ်ရာဇကုမ္မာဟာ သူ့ရဲ့အစ်ကိုတော် သီဟကုမ္မာကိုသာမက သီဟကုမ္မာရဲ့မိဖုရားနဲ့ သားတော်သမီးတော်တွေ အခြွေအရံတွေကိုပါ ချုပ်နှောင်ထားတာပေါ့။ ရာဇကုမ္မာရဲ့သတ်စေအမိန့်နဲ့ သေကြေပျက်စီးရတဲ့ မှူးမတ်၊ ရဲမက်၊ အခြွေအရံတွေ ဆိုတာလည်း အများကြီးပေါ့။ ရာဇကုမ္မာဟာ နောက်တစ်နေ့မှာ သီဟကုမ္မာနဲ့ နောက်လိုက်တွေကို စီရင်မှာဆိုတော့ ရာဇကုမ္မာနဲ့ရာဇကုမ္မာရဲ့မယ်တော် ဗြဟ္မဒတ်ဘုရင်ကြီးရဲ့မိဖုရားကြီးဟာ သားတော်ငယ်ရဲ့ ရက်စက်

ယုတ်မာတဲ့ အပြုအမူအတွက် စိတ်မချမ်းသာဘူး ပေါ့။ မိဖုရားအိုကြီးဟာ ရာဇကုမ္မာရဲ့ မိဖုရား ရှင်မိမယ်ဆီ သွားတာပေါ့။

ရာဇကုမ္မာ မင်းဟာ ရက်စက်ယုတ်မာ သလောက် သူ့ရဲ့မိဖုရား ရှင်မိမယ်ကတော့ အသိ ဉာဏ်နဲ့ပြည့်စုံနူးညံ့သတဲ့ကွယ်။ မိဖုရားအိုကြီးက ရှင်မိမယ်ကို တောင်းပန်တာပေါ့။

"ချစ်သမီးရှင်မိမယ်။ မနက်ဖြန်ဆိုလျှင် သား တော်ကြီးသီဟကုမ္မာနဲ့ သူ့ရဲ့မိသားစု၊ သူ့ရဲ့နောက် ပါအခြွေအရံများကို သတ်စေအမိန့်ချတော့မှာ ဖြစ်တယ်။ ချစ်သမီးကယ်မှ လူအများရဲ့ အသက် ကယ်နိုင်မှာမို့ ချစ်သမီးအနေနဲ့ ကူညီကယ်ဆယ် ပေးပါဦး"

အဲဒီလိုပြောတော့ ဉာဏ်ပညာရှိတဲ့ ရှင်မိမယ် ကခေါင်းညိတ်တာပေါ့။ ဒီလိုနဲ့ နောက်တစ်နေ့ နံနက်ရောက်တဲ့အခါ နန်းရင်ပြင်မှာ အဖမ်းခံ ထားရတဲ့ သီဟကုမ္မာနဲ့ နောက်လိုက်တွေကို လက် ပြန်ကြိုးတုပ်ထားတာပေါ့။ရာဇကုမ္မာကရာဇပလ္လင် ပေါ်မှာ ထိုင်လို့ အမိန့်ချဖို့ ပြင်နေပြီ။အဲဒီအချိန်မှာ ရာဇ ကုမ္မာရဲ့မိဖုရားရှင်မိမယ်ဟာရာဇကုမ္မာမင်း အနားကို ချဉ်းကပ်လာတာပေါ့ကွယ်။

"အရှင်မင်းကြီး။ နမတော် လျှောက်တင်ပါရ စေဦး"

ရာဇကုမ္မာဘုရင်ဟာ သူ့ရဲ့မိဖုရားရှင်မိမယ်ကို လွန်စွာ ချစ်မြတ်နိုးတော့ ခွင့်ပြုတာပေါ့။

"နမတော်၊ လျှောက်စရာကို မြန်မြန်လျှောက် တင်"

အဲဒီလိုခွင့်ပြုတော့ ရှင်မိမယ်က လျှောက် တယ်။

"အရှင်မင်းကြီး ရှေးဘိုးဘေးမင်းများ လက် ထက်ကတည်းက အဆုံးအမစကားကိုလျှောက်ပါ ရစေဘုရား။

ပြည့်ဝမ်းကို မဖောက်ရာ။

ပြည့်ဦးကင်းကို မနှိမ်ရာ။

ပြည့်တံခွန်ကို မလှဲရာ။

ပြည့်မျက်စိကို မဖောက်ရာ။

ပြည့်စွယ်ကို မချိုးရာ။

ပြည့်မျက်နှာကို မဖျက်ရာ။

ပြည့်ခြေ ပြည့်လက်ကို မဖြတ်ရာ ဖြစ်ပါတယ် ဘုရား"

အဲဒီလို လျှောက်လိုက်တော့ ရာဇကုမ္မာမင်း ကြီးက စိတ်ဝင်စားပြီးအဓိပ္ပါယ်ကိုမေးတာပေါ့။

နမတော် အဓိပ္ပါယ်ကို လျှောက်စမ်းဟဲ့" ရှင်မိမယ် မိဖုရားက အဓိပ္ပါယ်ရှင်းပြတာပေါ့။

"မှန်ပါ့။ နားဆင်ပါဘုရား။

ပြည့်ဝမ်းကို မဖောက်ရာ ဆိုသည်မှာ တိုင်း ပြည်ရဲ့ဝမ်းဗိုက်နှင့်တူသော သူဌေး၊ သူကြွယ်ကို အပြစ် ရှာဖမ်းဆီးခြင်း၊ သတ်ခြင်း ပစ္စည်းဥစ္စာသိမ်း ယူခြင်း မလုပ်ရဘူးဆိုတဲ့ အဓိပ္ပါယ်ပါ။

ပြည့်ဦးကင်းကို မနှိမ်ရာဆိုသည်မှာ တိုင်းပြည် ရဲ့ ဦးကင်းနဲ့ တူသောမှူးကြီးမတ်ကြီး တို့ကို အကြောင်းမဲ့ဖမ်းဆီး သတ်ဖြတ်ခြင်းမပြု သင့် ကြောင်းပါ။

ပြည့်တံခွန်ကို မလှဲရာ ဆိုတာက တိုင်းပြည်ရဲ့ တံခွန်နဲ့တူသော ရသေ့၊ ရဟန်း၊ ပုဏ္ဏားများကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုသင့်ပါ။

ပြည့်မျက်စိကို မဖောက်ရာဆိုသည်မှာ တိုင်း



ပြည်ရဲ့ မျက်စိနှင့်တူသော ပိဋကတ်တော်တတ်၊ ဗေဒင်တတ်ပညာရှိများ၊ ပုရောဟိတ်များကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုသင့်ပါဘုရား။

ပြည့်စွယ်ကို မချိုးရာဆိုသည်မှာ တိုင်းပြည်ရဲ့ အဖိုးတန်ထီးနန်းအဆက်အနွယ် မင်းညီမင်းသားများကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုသင့်ပါဘုရား။

ပြည့်မျက်နှာကို မဖျက်ရာဆိုသည်မှာ တိုင်းပြည်ရဲ့ခြေလက်ဖြစ်သော စစ်သည်ရဲမက်များကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုသင့်ကြောင်းပါဘုရား”

ရှင်မိမယ်က လျှောက်ထားတော့ ရာဇကုမ္မာမင်းကြီးဟာ အမိန့်ချလုဆဲဆဲမှာ တွေဝေသွားတာပေါ့။ ရှင်မိမယ်က ရဲရဲဝံ့ဝံ့ဆက်လျှောက်တယ်ကွဲ့။

“အရှင်မင်းကြီး ယခု အရှင်မင်းကြီးအမိန့်ချရန်ဖမ်းဆီးထားတဲ့ အစ်ကိုတော်သီဟကုမ္မာမိသားစုများ အခြွေအရံများ နောက်ပါရဲမက်များဟာ ဘာအပြစ်မှ မရှိပါဘုရား။ အရှင်ရဲ့အာဏာရရေး တစ်ခုအတွက် သတ်မယ်ဆိုရင် လောကမှာရော ဓမ္မမှာပါ ကဲ့ရဲ့စရာဖြစ်မယ်။ သံသရာအတွက်ပါ မကောင်းပါဘုရား။”

ရှင်မိမယ် လျှောက်တင်စကားကြောင့် ရက်စက်ယုတ်မာတဲ့ရာဇကုမ္မာဘုရင်ဟာ အသိစိတ်ဝင်လာတယ်။ ရှက်လာ၊ နောင်တရလာတယ်တဲ့။

“အစ်ကိုတော် သီဟကုမ္မာနဲ့ အခြွေအရံ၊ နောက်လိုက်အားလုံးကို လွှတ်စေဗျာ”

ရာဇကုမ္မာဘုရင်ဟာ သူရဲ့အမှားကို တောင်းပန်ပြီး အစ်ကိုတော် သီဟကုမ္မာကို ထီးနန်းအပ်တာပေါ့။ သေမင်းလက်က လွတ်လာတဲ့ သီဟကုမ္မာဟာ ထီးနန်းစည်းစိမ်ကို လက်မခံဘဲ ညီတော်ကို မင်းကျင့်တရားနဲ့ အညီအုပ်စိုးဖို့မှာကြားလို့ ရသေ့ ရဟန်းပြုသွားသတဲ့ကွယ်။

ကလေးတို့လည်း ပုံပြင်ထဲက ရာဇကုမ္မာဘုရင်လို လောဘ၊ ဒေါသ၊ မောဟကြီးသူ မဖြစ်အောင်သတိထားပါ။ ရှင်မိမယ် မိဖုရားလို အသိဉာဏ်ပညာနဲ့ ပြည့်စုံအောင် ကြိုးစားပြီး လောကကြီးမှာ မှန်ရာကို ရဲရဲဝံ့ဝံ့ပြောရဲသူတွေ ဖြစ်အောင်နေရမယ်နော်။


သန္တာမြတ်သောင်း


CARTOON
ပေါ်ကာ
သဂျပ်ဖေါ်သည်


# တစ်ခါကာယပြိုး
# သူ့ကျေးဇူး


တစ်ခါက တောအုပ်တစ်ခုမှာ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ပိတုန်းလေးတစ်ကောင်ရှိတယ်…





ဟိုက် ပင့်ကူအိမ်ကို မမြင်ဘဲ ဝင်တိုးမိပြီ ဟာ..
ကယ်ကြပါဦး ဗျို့
ပိတုန်းတစ်ကောင်ပါလား ဦးနှောက်ပေါက်ကြားလိုက် ဂျင်..ချမယ်ပဲ..



ဒါပေမဲ့ ဒီကောင်က
ငါ့ထက် အကောင် ပိုကြီးတယ်
ဟ‥ ဘယ်လိုလုပ်ရမလဲ‥
နောင်မယ်လေး
ငြိနိုင်လို့တောင်မှရှာတော့
ပါလား
ဟာ ပိုးမှာ
ယုန်တစ်ကောင်
ဗျိုး ကိုယုန်
ကျွန်တော်ကို
ကယ်ပါဦး



အင်း ဒုက္ခရောက်နေတဲ့သူကို ကယ်တင်ကြောင်းပါတယ်
ကိုရွှေယုန် ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် တစ်နေ့မှာ ကျွန်တော်ကျေးဇူးပြန်ဆပ်မှာ ပါဗျာ...
ဟာ



ဟေ မင်းလို အကောင် သေးသေးလေးက ငါ့ကိုကျေးဇူး ပြန်ဆပ်ဖို့ အကူအညီပေးမယ် ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာမို့ မယုံပါဘူးကွာ ဟားဟားဟားဟား
ကဲ.. ကဲ ကိုယ့်လမ်းကိုယ် သွားကြစို့...
သွားကြ သွားကြ တော်တော်ရယ်ရတဲ့ကောင်တွေ ငါ အိပ်ပြန်ခွင့်ရတော့မယ် ဟွန်း..


ဟာ ဟိုမှာ ယုန်တစ်ကောင် စားရကိန်ကြုံတော့ မှတ်ဆိတ်ထွားနွဲ့ပြီ အားငယာဟေ့
ဟာ မြွေဆိုးက ကိုရွှေယုန်ကို ချောင်းနေတာပါ။။
ငါ့အပေါ် ကျေးဇူးရှိခဲ့တဲ့ ကိုရွှေယုန်ကိုဘယ်လို ကယ်ရမလဲ။


ကဲ လာထား
ပွဲတော်တည်မယ်
တော့
?
အောင်မာ
ငါ့ကျေးဇူးရှင်ကို
ဒီလိုလုပ်လို့ဘယ်ရမလဲ
ကဲကွာ..
?
အောင်မယ်လေးဗျ..
နာလှချည့်ရဲ့..ပူလှချည့်ရဲ့
သုံးဆယ်ခုနှစ်မင်းနှင့်တကွ
မကျွတ်မလွတ်သေးသော
ပုဂ္ဂိုလ်များကယ်ကြပါ
ဟေ့


ဟိုက်
မြွေဆိုးကြီးဟ
ပြေးကြဟေ့
လာတယ်ဟေ့
ဟဲ့
သားလှတို့ မယ်ဝတို့
လာကြဟေ့.. အခုမကွဲဘဲ
ကျင်းထဲ အမြန်ဝင်ကြ
ပါဟဲ့..


တောက် ငါ့နှာခေါင်းကို ဖျက်လိုဖျက်ဆီးလုပ်တဲ့ ပိတုန်း... ငါ့ကိုသည်း နာအောင် လုပ်တယ်ပေါ့
တစ်နေ့ နင်နဲ့ငါနဲ့ တွေ့မယ်ဟေ့
သူများအသက်ကို သတ်ချင်တဲ့ မြေခွေး ကိုယ်ခံရတော့နာတယ် မဟုတ်လား ဟားဟားဟား


ကဲ ကိုရွှေယုန် ခင်ဗျား အသက်ကို အခု ကျုပ်ကယ်လိုက်နိုင်ပြီ..
လောကမှာ ကြီးတာငယ်တာ မဟုတ်ပါဘူးဗျ တစ်ခါတစ်လေ ကြီးမားတိုင်းလည်း လောကကို ဘာအကျိုးမှ မပြုတတ်သလို.. သေးငယ်ပေမယ့် ကြီးကျယ်တဲ့ အလုပ်တွေကို ဆောင်ရွက်နိုင်တယ် ဆိုတာ သဘောပေါက်ပြီ မဟုတ်လား
ဟုတ်ပါဗျား..ဟုတ်ပါ အခုဖြစ်ရပ်က သက်သေပါပဲ သူငယ်ချင်းရယ်..
{ပြီး}

# မောင်ဒီပါနှင့် ဂဝံမြသင်္ကာ

ဝဏ္ဏကျော်၊ ပုံ-ဆယ၊



ရှေးလွန်လေပြီးသောအခါက "ရွာသာယာ" ဆိုသည့်ရွာတွင်သားအမိ နှစ်ဦးနေထိုင်ကြလေ၏။ သားဖြစ်သူ အမည်မှာ မောင်ဒီပါဖြစ်လေ၏။ မောင်ဒီပါသည် မိခင်ဖြစ်သူကို လယ်သူရင်းငှား အလုပ်ဖြင့် လုပ်ကိုင်ကျွေးမွေးလေ၏။ မောင်ဒီပါက အလုပ်ကို ကြိုးစားလုပ်ကိုင်သော်လည်း သားအမိနှစ်ယောက် ဝမ်းဝရုံသာရှိလေ၏။ ရွာသာယာနံဘေးတွင် အရှေ့ဘက်မှ အနောက်သို့ ဖြတ်သန်းစီးဆင်းနေသော ဆင်သေချောင်း ရှိလေ၏။ ဆင်သေချောင်းသည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါး စလုံး ဖြတ်သန်း စီးဆင်းနေသော်လည်း ရေတို့ သည် နောက်ကျိနေ၏။

မောင်ဒီပါသည် သူတို့သားအမိ၏ဘဝနှင့် ဆင်သချောင်းမှ ရေတို့ကို ကြည့်ရှုတွေးမိပုံမှာ . . .

"ဆင်သချောင်းဟာ အဆက်မပြတ်စီးဆင်းနေပေမယ့်ရေတွေကျတော့ နောက်ကျိုလိုက်တာ၊ ဒီလိုပဲ ငါ့မှာ တစ်နှစ်ပတ်လုံးန္တားနဲ့ရှုန်းပြီးအလုပ်တွေကို အားသွန်ခွန်စိုက်လုပ်ကိုင်နေပေမယ့် ဘဝက ဆင်းရဲမြဲပဲ"

ဟု စိတ်အားငယ်နေမိလေ၏။

တစ်နေ့တွင် အနောက်မဇ္ဈိမဒေသ၌ ခက်ခဲနက်နဲသော ဘဝပြဿနာများကို ဖြေရှင်းပေးနေသည့် ပညာရှိတစ်ဦးပေါ်ပေါက်နေကြောင်း မောင်ဒီပါသတင်းကြားလေ၏။ ထို့ကြောင့်မောင်ဒီပါက မိမိဘဝမပြေလည်ရသည့် အကြောင်းကို အဖြေရှာပေးရန်အတွက် အနောက်မဇ္ဈိမဒေသမှ ပညာရှိထံသို့သွားရောက်၍ မေးမြန်းမည်ဟု ဆုံးဖြတ်လေ၏။ မောင်ဒီပါသည် သူခရီးသွားနေသောကာလအတွင်း မိခင်ကြီးစားသောက်ရန် ရိက္ခာများကို လယ်ပိုင်ရှင်ထံတွင် နေ့မအားညမအားအလုပ်လုပ်ရင်း ရှာဖွေလေ၏။ ရိက္ခာများစုဆောင်းမိလျှင် မောင်ဒီပါသည် မိခင်ကြီးကို ခွင့်ပန်ပြီး အနောက်ဒေသသို့ လာခဲ့လေ၏။

ပြင်းပြင်းထန်ထန်ခရီးဆက်ခဲ့ရာ တစ်လခန့်အကြာတွင် လမ်းခရီး၌တွေ့ရသော တဲအိမ်တစ်ခုကိုတွေ့၍ အိမ်ရှေ့မှ ရပ်ကာ . . .

"အိမ်ရှင်တို့ခင်ဗျား၊ ကျွန်တော်ဟာ ခရီးသွားတစ်ဦးဖြစ်ပါတယ်။ ရေငတ်လာလို့ ရေတစ်ခွက်လောက်ကျေးဇူးပြုကြပါခင်ဗျာ"

ဟု ပြောလေ၏။ တဲအိမ်အတွင်းမှ အဘွားအိုတစ်ဦးထွက်လာပြီ . . .

"ခရီးသွားလုလင်အိမ်ထဲသို့ဝင်ပြီးရေကိုအလိုရှိသလောက် သောက်သုံးပါ။ အမောအပန်းဖြေပါ"

ဟု ပြောလေ၏။ မောင်ဒီပါသည် ရေကိုအငမ်းမရသောက်သုံးပြီး တဲအိမ်ထဲတွင် ခြေပစ်လက်ပစ်ထိုင်ချကာ အမောဖြေလေ၏။

"ခရီးသွားလုလင်၊ ဒီလောက်မောပန်းတကြီးနဲ့ဘယ်ခရီးကိုသွားမလို့လဲ"

ဟု အဘွားအိုက မေးလေ၏။ မောင်ဒီပါက . . .

"ကျွန်တော်တို့ရွာနံဘေးက ချောင်းဟာ အစဉ်အမြဲစီးဆင်းနေပေမယ့် ရေတွေက အမြဲနောက်ကျိုနေပါတယ်။ ဒီလိုပဲ ကျွန်တော့်မှာအလုပ်နဲ့ လက်မပြတ်အောင်ကြိုးစားလုပ်ကိုင်နေပေမယ့် ဘဝနိမ့်ကျနေပါတယ်။ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာ သိချင်လို့အနောက်မဇ္ဈိမဒေသက ပညာရှိကြီးထံကို သွားမလို့ပါ"

ဟု ပြောပြလိုက်၏။ ထိုအခါ အဘွားအိုက . . .

"ဒီလိုဆိုရင်တော့ ဟန်ကျလိုက်တာကွယ်။ အမေ့မှာ အသက်နှစ်ဆယ်အရွယ်ရှိပြီဖြစ်တဲ့ သမီးလေးဟာ အခုအချိန်အထိ စကားကို တစ်လုံးတစ်ပါဒမှ မပြောသေးပါဘူး။ ဘာကြောင့် သမီးလေးစကားမပြောသေးတာလဲဆိုတာ ပညာရှိကြီးထံမှာ မေးမြန်းလာခဲ့ပါကွယ်. . . "

ဟု မှာကြားလေ၏။ မောင်ဒီပါက . . .

"စိတ်ချပါ အမေအို၊ ကျွန်တော်မေးမြန်းလာခဲ့ပါမယ်"

ဟု ပြောလေ၏။ မောင်ဒီပါသည် အဘွားအိုကို နှုတ်ဆက်ပြီး ခရီးဆက်ပြန်လေ၏။ ခရီးအတန်သွားမိလျှင် မောင်ဒီပါလည်း ဆာလောင်လွန်း၍ လမ်း၌တွေ့ရသော တဲအိမ်တစ်အိမ်အတွင်းသို့ ဝင်လာခဲ့လေ၏။ တဲအိမ်အတွင်းမှ အဘိုးအိုက . . .

“အလို ခရီးပန်းလာတဲ့သူငယ်ပါလား။ ဘာ အလိုရှိပါသလဲ”

ဟု မေးလေ၏။ မောင်ဒီပါက ဆာလောင်နေကြောင်း ပြောပြရာ အဘိုးအိုက အစားအသောက်များ ကျွေးလေ၏။

“အမောင့်အသွင်အပြင်ကို ကြည့်ရတာ ပင်ပန်းလိုက်တာ၊ ဘယ်ခရီးကိုသွားမှာလဲ”

မောင်ဒီပါက လမ်းတွင်တွေ့ရသည့်အဘွားအိုကိုပြောပြသည့်အတိုင်းအဘိုးအိုကိုပြောပြလေ၏။

“ဟင်း ဒီလိုဆိုရင်တော့ အဘိုးမှာ ကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုကို အဘိုးကိုယ်စား မေးပေးပါလားကွယ်”

“ဘယ်ပြဿနာများလဲ အဘိုး”


“ဒီလိုကွဲ့ မောင်ရင်ရဲ့ အဘိုးစိုက်ပျိုးထားတဲ့ အုန်းပင်တစ်ပင်ဟာ အရွက်အလက်တွေ ငွါးငွါးစွင့်စွင့်ရှိနေပေမယ့် အနှစ်သုံးဆယ်ကျော်လာတဲ့အထိ ဘာကြောင့်အသီးမသီးသေးတာလဲ ဆိုတာ တစ်ပါတည်း မေးမြန်းလာခဲ့စမ်းပါကွယ်”

ဟု မှာကြားလေ၏။

မောင်ဒီပါက “စိတ်ချပါအဘိုး မေးမြန်းလာခဲ့ပါမယ်” ဟု ကတိပေးကာ ခရီးဆက်ခဲ့ပြန်သည်။

သို့နှင့်မောင်ဒီပါသည် အနောက်မဇ္ဈိမဒေသရှိပညာရှိကြီးထံသို့ ရောက်ရှိလာခဲ့လေ၏။ မောင်ဒီပါက ပညာရှိကြီးအား ဂါဝရပြု၍ဘဝပြဿနာများကို မေးမြန်းလိုပြီးအဖြေရှာပေးပါရန် ခွင့်ပန်လေ၏။ ထိုအခါ ပညာရှိကြီးက . . .

“လူကလေး မင်းအဘိုးကိုမေးမယ့် မေးခွန်းတွေက တစ်ခုတည်းဆို အဘိုးက ဖြေကြားပေးမှာ မဟုတ်ဘူး။ အဘိုးကနမိတ်တပေါင်းအတိပ်ဆောင်ပြီး ပြဿနာဟာ “စုံ” ဖြစ်ရလိမ့်မယ်။ ဆိုလိုတာက



ပြဿနာ နှစ်ခု၊ ပြဿနာလေးခု ဖြစ်မှ ဖြေကြားပေးမယ်။ စုံ ဖြစ်မှ ဂုဏ်သစ်မယ်လို့ အဓိဋ္ဌာန်ပြုထားလို့ကွယ့်”

ဟု ပြောလေ၏။

မောင်ဒီပါမှာ မိမိပြဿနာတစ်ခု၊ အဘွားအို၏ပြဿနာတစ်ခု၊ အဘိုးအို၏ပြဿနာကတစ်ခု စုစုပေါင်း ပြဿနာသုံးခုဖြစ်နေသဖြင့် “မ”ဖြစ်နေလေ၏။ မောင်ဒီပါသည် အဘွားအိုနှင့် အဘိုးအိုတို့၏ ပြဿနာအဖြေများကို သေချာစွာမှတ်သား၏။ ထိုနောက်ပညာရှိကြီးအား ရှိသေစွာ ကန်တော့၏။ ပညာရှိကြီးက . . .

"အဘိုးက အသက်အရွယ် အိုမင်းလာပြီ။ အဘိုးတစ်သက်တာမှာ လူပေါင်းများစွာရဲ့ စက္ခု (မျက်လုံး)နှစ်လုံးကို အလင်းရစေခဲ့တဲ့ မိုးကြိုးသွားအစစ်ကို လူလေးကိုပေးလိုက်မယ်။ လက်ဆောင်အဖြစ် ပေးတာနော်။ မျက်စိမမြင်သူတွေရဲ့ တိမ်သလ္လာတွေကို မိုးကြိုးသွားနဲ့ ဆွဲပြီး ကုသပေးပါ"

ဟု ဆိုကာ မိုးကြိုးသွားကို မောင်ဒီပါအားပေးအပ်လေ၏။ မောင်ဒီပါသည် ပညာရှိကြီးကို နှုတ်ဆက်ပြီး မိခင်ကြီးရှိရာသို့ ပြန်လာခဲ့လေ၏။ လမ်းတွင်အဘိုး၏ တဲအိမ်သို့ဝင်ပြီး . . .

"အဘိုးခင်ဗျား။ အဘိုးစိုက်ပျိုးထားသော အုန်းပင်ရဲ့အနက်သုံးတောင်မှာ ရွှေအိုးသုံးလုံး၊ ငွေအိုးသုံးလုံးမြှုပ်ထားတာရှိနေပါတယ်။ အဲဒီ့ရွှေအိုး၊ ငွေအိုးတွေကို တူးဖော်လိုက်ရင် သူတို့အောက်မှာရှိတဲ့ စိမ့်ရေများပန်းထွက်လာပါလိမ့်မယ်"

ဟု ပြောပြလေ၏။ အဘိုးက . . .

"မောင်ရင် ပြောတာတော့ သိရပါပြီ။ ဒါပေမဲ့ အဘိုးက အုန်းပင်အောက်က မြေသားအနက်သုံးတောင်ကို တူးထုတ်နိုင်စွမ်းမရှိဘူးကွယ်"

ဟု ပြောလေ၏။

ထိုအခါ မောင်ဒီပါက အုန်းပင်အောက်မှ မြေသားများကို တူးထုတ်ရာ အနက်သုံးတောင်သို့ အရောက်တွင် ရွှေအိုးသုံးလုံး၊ ငွေအိုးသုံးလုံးကို တွေ့ရလေ၏။

၎င်းအောက်မှ စိမ့်ရေများလည်း ပန်းထွက်လာလေ၏။ အဘိုးအိုသည် ဝမ်းသာအားရဖြင့် မောင်ဒီပါအား ရွှေအိုးတစ်လုံး၊ ငွေအိုးတစ်လုံးပေးလေ၏။

မောင်ဒီပါသည် ရွှေအိုးတစ်လုံးနှင့် ငွေအိုးတစ်လုံးတို့ကို ထမ်းပိုး၏ရှေ့နှင့်နောက်တွင် ကြိုးချည်ကာ ထမ်းလာခဲ့လေ၏။

အဘွားအို၏ တဲအိမ်သို့ရောက်လျှင် ခဏနားလေ၏။ ထိုနောက်အဘွားအိုအား မောင်ဒီပါက . .

"အဘွားအိုခင်ဗျား၊ အဘွားရဲ့ သမီးဟာ သူကြိုက်နှစ်သက်သူကို တွေ့တာနဲ့ ချက်ချင်းစကားပြောလိမ့်မယ်လို့ ပညာရှိကြီးက ပြဿနာ အဖြေရှာပေးလိုက်ပါတယ်"

ဟု ပြောပြလေ၏။ ထိုစဉ်အဘွားအို၏ သမီးသည် အခန်းထဲမှာ ထွက်လာလေ၏။ မောင်ဒီပါကိုတွေ့လျှင် . . .

"သူ ဘယ်သူလဲ"

ဟု မေးလေ၏။

အဘွားအိုလည်း သူ့သမီးစကားပြောသဖြင့် ဝမ်းသာသွားလေ၏။ အဘွားအိုသည် သူ့သမီး စကားပြောအောင် ကူညီခဲ့သော မောင်ဒီပါအား ကျေးဇူးတင်ကာ မောင်ဒီပါနှင့် သူ့သမီးတို့ကို လက်လထ်ပေးလေ၏။


မောင်ဒီပါသည် ဇနီးသည်ကို ခေါ်ဆောင်ကာ မိခင်ရှိရာသို့ ခေါ်ဆောင်လာခဲ့လေ၏။ ရွှေအိုးနှင့် ငွေအိုးကိုထမ်းပြီးဇနီးသည်နှင့် အတူပြန်လာသော မောင်ဒီပါကို မိခင်ကြီးက ဝမ်းသာအားရဆီးကြိုလေ၏။

မောင်ဒီပါသည် ပညာရှိကြီးပေးလိုက်သော မိုးကြိုးသွားဖြင့် မျက်စိဝေဒနာသည်များအား ကုသပေးရင်း မိသားစုနှင့် အသက်ထက်ဆုံး ပျော်ရွှင်စွာနေထိုင်သွားလေသတည်း။

ဝင်းဇော်(သုံးဆယ်)

# အလွဲလွဲအချော်ချော်

နန္ဒာမိုးကြယ်



ကလေးတို့ရေ . . .

သည်တစ်လမှာတော့ ကလေးတို့ကို ပြောပြချင်တာကတော့ ကိုယ်ပိုင်စဉ်းစားဉာဏ်ကို အသုံးမပြုဘဲ အရာရာကို လေ့နံ့တားထစ်သလိုမျိုး မှတ်ယူထားမယ်ဆိုရင်၊ အသိဉာဏ်ပညာကို လွှာမသုံးတတ်ဘူးဆိုရင် အလွဲလွဲအချော်ချော်၊ အမှားမှားအယွင်းယွင်းတွေ ဖြစ်တတ်တဲ့ပုံပြင်ကလေးပါပဲ။

သည်ပုံပြင်ကလေးကို မပြောခင် "လေ့နံ့တားထစ်" ဆိုတာနဲ့ ပတ်သက်လို့ ပြောပြပါဦးမယ်။

တစ်ခါတုန်းကခပ်နုံနုံခပ်အအတုံင်ါသည်တစ်ယောက်ဟာ လှေတစ်စင်းနဲ့ ငါးဖမ်းထွက် လာခဲ့တယ်။ ရေလယ်တစ်နေရာရောက်တော့ လှေပေါ်

ကနေ ပစ္စည်းတစ်ခုဟာ ရေထဲပြုတ်ကျလို့ ရေအောက်ကို မြုပ်သွားသတဲ့။ သည်တော့ တံငါသည်လည်း "ငါ့ပစ္စည်းကျတာ ဒီနေရာပဲ" လို့ဆိုပြီး ပစ္စည်းကျသွားရာနေရာကို လှေရဲ့နံ့မှာဓားနဲ့ထစ်လိုက်ပါသတဲ့။ အဲသည်နောက် ငါးဖမ်းစရာရှိတာ ဖမ်းပါသေးတယ်။ ငါးဖမ်းပြီး ပြန်ခါနီးကျတော့ ကျသွားတဲ့ပစ္စည်းကို ဆင်းဆယ်မယ်ဆိုပြီး လှေနံ့မှာထစ်ထားတဲ့ ဓားဒဏ်ရာအမှတ်အသားအတိုင်း ရေထဲဆင်းငုပ်ပြီးရှာပါတယ်။ ဒါပေမဲ့ ဘယ်ရမှာတဲ့လဲ . . . ရေဟာ အမြဲတမ်းစီးနေလေတော့ နေရာရွှေ့သွားပြီပေါ့။ ဒါပေမဲ့ သူက ကျသွားတဲ့နေရာကို သေသေချာချာ အမှတ်အသားလုပ်ခဲ့တာပဲ ရကိုရ ရမယ်ဆိုပြီး ဆင်းရှာလိုက်တာ ဘာပစ္စည်းမှမရဘဲ ရေမွန်းတာပဲ အဖတ်တင်ရတော့တယ်။ ဒါ့ကြောင့် စာပေပညာရှိတွေက အရာရာကို ပုံသေကားကျ လှေနံ့ဓားထစ် မတွက်ဆဖို့ သတိပေးခဲ့တာပေါ့ကွယ်။

ကလေးတို့ကို အခုပြောပြမယ့် ပုံပြင်ကလေးကလည်းဘယ်သူပဲမှာမှာ မှာတဲ့အတိုင်း မဟုတ်ဘဲ အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီးမှ ပြောဆိုလုပ်ကိုင်ဖို့ သင်ခန်းစာပေးထားတာပါပဲ။

ကိုင်း . . ပုံပြင်ကလေးကို နားထောင်ကြကွယ့်နော် . . .

ဟိုး . . တစ်ခါတုန်းက ရွာကလေးတစ်ရွာမှာ အလွန်ရိုး၊ အလွန်အတဲ့ ဖိုးထူးဆိုတဲ့ သူငယ်ကလေးတစ်ယောက်ရှိပါတယ်သတဲ့။ ကျောင်းနေရမယ့်အရွယ်ရောက်တာတောင် မိဘတွေက ဆင်းရဲတော့ ကျောင်းမထားနိုင်ရှာဘူး။ မိသားစုနဲ့ပဲ အလုပ်တွေဝိုင်းကူ လုပ်ပြီးနေရရှာတာပေါ့။

တစ်နေ့မှာတော့ ဖခင်ဖြစ်သူက သားကလေးမောင်ဖိုးထူးကို လှမ်းခေါ်လိုက်တယ်။

" သားရေ . . .မောင်ဖိုးထူး အဖေ့ဆီလာပါဦးကွယ်"

"ဟုတ်ကဲ့ . . . လာပါပြီ။ ဘာပြောမလို့လဲ အဖေ"

"ဒီလိုကွယ့်သားရဲ့နက်ဖြန်မနက်ဆိုရင် သားရဲ့အမကြီးဟာ သူ့ရွာကနေအဖေတို့ရွာကို လာလိမ့်မယ်"

"ဟာ . . အဘွားလာမှာတဲ့လား။ ဒါဆိုမုန့်တွေပါဘာမှာပဲ။ ဝမ်းသာလိုက်တာ"

"ဟဲ့ . . ဝမ်းမသာနဲ့ဦးသား။ သားရဲ့အမကြီးလာမှာက အဖေတို့ဆီက၊ အကြွေးရစရာရှိလို့ အကြွေးတောင်းရအောင် လာတာကွယ့်။ အဖေတို့မှာက ဘာလုပ်လုပ်ဘာကိုင်ကိုင် အဆင်မပြေတယ်ကို မရှိဘူးဆိုတော့ သူတောင်းတဲ့အကြွေးမပေးနိုင်ဘူးဖြစ်နေတယ်"

"ဒါများအဖေရယ် . . အခုနေပါဦး။ နောက်တော့ပေးပါ့မယ်လို့ ပြောလိုက်ပေါ့ အဖေရဲ့"

"မလွယ်ဘူးသား . . . အဲသည်လို အဖေ့ဘက်က ပြောပေါင်းများလို့ ဒေါသဖြစ်နေတာ။ သည်တစ်ခါ အဖေနဲ့ ထိပ်တိုက်တွေ့လို့ သူ့အကြွေးမပေးနိုင်ရင် သူကြီးကိုတိုင်ပြီး ရှိတာတွေ သိမ်းသွားမယ် လို့ပြောခဲ့ဖူးတယ်။ အဖေ့အနေနဲ့ မပေးနိုင်သေးတာ သားလည်းအသိပဲ။ ပြီးတော့ သားရဲ့အမေဆိုတာကလည်း ကိုယ်လေးလက်ဝန်ကြီးနဲ့"

"ဟာ . . အဖေတို့ဟာကလည်း စိတ်ညစ်စရာကြီးပါလား။ မနက်ဖြန်အဘွားရောက်လာရင် ဘယ်လိုလုပ်ကြမတဲ့လဲ"

"အေး . . အဲဒါကြောင့် သားကို အဖေခေါ်လိုက်တာပေါ့။ အခုကိစ္စမှာ သားကအဖေသင်ပေးထားတဲ့အတိုင်းပြောဆိုလိုက်ရင် ကိစ္စငြိမ်းသွားလိမ့်မယ်"

"ဩော် . . ဒီလိုလား။ ဒါဆိုရင် ပြောပါအဖေ။ သား . . ဘာတွေလုပ်ရမှာတဲ့လဲ"

မောင်ဖိုးထူးဟာ နံ့အ မယ့်သာနံ့အတာ မိဘတွေအပေါ်တော့ တော်တော်ကလေးကိုပဲ အလိုက်သိရှာပါတယ်။

"ဒီလိုသားရဲ့ မနက်ဖြန်မနက်စောစောမှာ အဖေနဲ့မင်းအမေတို့ တစ်နေရာရာမှာ သွားရှောင်နေကြမယ်။ နွားတွေကိုလည်း တစ်ခါတည်းဆွဲသွားမယ်။ သည်တော့ အိမ်မှာ သားတစ်ယောက်ပဲ ကျန်နေလိမ့်မယ်"

"ဟုတ်ကဲ့၊ ပြောပါအဖေ"

"အေး . . အဖေတို့မရှိတဲ့ အချိန်သားရဲ့အဘွားရောက်လာပြီဆိုပါတော့၊ ပထမဆုံးသားကို ဟေ့မင်း အဖေဘယ်သွားလဲ" လို့ မေးလိမ့်မယ်။ သည်တော့ သားက . . .

"မနက်ကတည်းက ဉပုသ်သွားစောင့်တယ်လို့ပြော ဟုတ်ပြီလား"

" ဟုတ်ကဲ့ပါ အဖေ"

"""အေး . . အဲဒါလည်း ကိစ္စမပြတ်သေးဘူးကွယ်။ မင်းအဘွားက လေ အင်မတန်ရှည်လေတော့ . . . "ဟဲ့ ဘယ်အချိန် ပြန်လာမှာလဲ"လို့ မေးလိမ့်ဦးမယ်"""

"ဒါဆို သားက ဘာပြန်ပြောရမှာတဲ့လဲ"

"လွယ်ပါတယ်သားရယ်. . .အဖေက ဉပုသ်စောင့်ပြီးရင် ဇရပ်မှာ တစ်ရေးတစ်မော အိပ်ချင်အိပ်တတ်တာ" လို့ ကိုင်း ဘယ့်နှယ်လဲ ဖြစ်တယ်မဟုတ်လား"

"သိပ်ဖြစ်တာပေါ့ အဖေရယ်"

"ဟာ ဒါကြောင့် သားကို အဖေက အားကိုးတာပေါ့ကွ။ ဒါလည်းမပြီးသေးဘူးသားရဲ့။ မင်းအဘွားက အကြွေးမရရင် ပစ္စည်းတွေ သိမ်းချင်နေတာဆိုတော့ "ဟဲ့နင်တို့နွားတွေကော" လို့မေးလိမ့်မယ်။ သည်တော့ သားက တိရစ္ဆာန်ပဲ အဘွားရယ်စားကျက်ထဲ သွားနေတာပေါ့လို့ ဖြေလိုက်၊ ဟုတ်ပြီလား"

"စိတ်ချပါ အဖေရယ်။ လွယ်လွယ်ကလေးပါ။ သား ဖြေနိုင်ပါတယ်"

"အဲ . . . နေဦးသား နောက်ဆုံးကျ သူကနေ" ဟဲ့ နင့်အဖေရဲ့ကိစ္စကိုဘယ်လို ဖြေရှင်းမှာလဲ" လို့ မေးလာလိမ့်ဦးမယ်။ သည်တော့ သားက "ဒါကတော့အဘွားရယ်အဖေလုပ်ထားတဲကိစ္စပဲမဟုတ်လား၊ အဖေ့ဘာသာ အဖေဖြေရှင်း လိမ့်မပေါ့"လို့ပြော"

"ရတယ် အဖေ၊ ရတယ်"

မောင်ဖိုးထူးလည်းပိုပြီးသေချာအောင်"မနက်ကတည်းကဉပုသ်စောင့်သွားတယ်""ဉပုသ်စောင့်ပြီးရင် ဇရပ်မှာ တစ်ရေးတစ်မော အိပ်ချင်အိပ်တတ်တာ""တိရစ္ဆာန်ပဲ အဘွားရယ်. .စာကျက်ထဲ သွားနေတာပေါ့""ဒါကတော့ အဘွားရယ်၊ အဖေလုပ်ထားတဲ့ကိစ္စပဲ မဟုတ်လား၊ အဖေ့ဘာသာအဖေဖြေရှင်းလိမ့်မပေါ့"ဆိုတဲ့ သူအဖေသင်ပေးသမျှစကားကို အလွတ်ကျက်မှတ်နေတော့သတဲ့။

နောက်တစ်နေ့ မနက်စောစောရောက်တဲ့အခါ မောင်ဖိုးထူးရဲ့ အဖေနဲ့ အမေလည်း လှည်းမှာနွားတပ်ပြီး တခြားရွာက ဆွမ်းကျွေးရှိရာကို ထွက်သွားတော့တယ်။ သည်တော့ အိမ်မှာ မောင်ဖိုးထူးလေး

ပဲ ကျန်ရစ်ခဲ့တာပေါ့။

မကြာပါဘူး နေလုံးကလေးပွင့်လာတော့ ခြံထဲကိုလူတစ်ယောက်ဝင်လာတယ်။ဝင်လာတဲ့သူဟာ မောင်ဖိုးထူးရဲ့အဘွားပါပဲ။ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ခဲလို့ပေါ့။ ခြံထဲဝင်မိလို့ အိမ်ရှေ့ရေကပြင်မှာထိုင်နေတဲ့ မောင်ဖိုးထူးကိုတွေ့တယ်ဆိုရင်ပဲ. .

"ဟဲ့ . . ကောင်းလေး၊ နွားတင်းကုပ်ထဲမှာ နွားတွေ မတွေ့ပါလား၊ ဘယ်များသွားလို့လဲ"

သည်တော့မောင်ဖိုးထူးလည်း အလွတ်ကျက်မှတ်ထားတဲ့တိုင်း ဖြေပါတယ်။

"မနက်ကတည်းက ဥပုသ်စောင့်သွားတယ် အဘွား"

"ဟင်း . . ."

သည်အဖြေ စကားကြားတော့ ဘွားအေဖြစ်သူခမျာ မအီမလည်ကြီး ဖြစ်သွားရတယ်။ "ခက်တော့တာပဲနော်၊ နေပါဦး အဲသည်နွားတွေက ဘယ်အချိန်ပြန်လာကြမှာတဲ့လဲ"

"အင် . . . ဘယ်အချိန်ပြန်လာမယ်တော့ အတိအကျမပြောနိုင်ဘူး။ ဥပုသ်စောင့်ပြီးရင်း ဇရပ်မှာ တစ်ရေးတစ်မော အိပ်ချင်အိပ်တတ်တာ"

"အို . . ."

ဘွားအေခမျာ မျက်လုံးတွေ ပြူးလာတယ်။ အမေးတခြားအဖြေတခြား ဖြစ်နေတာကိုး။

"ဒါထက် မင်းအဖေကော မမြင်ပါလား"

"သြော် . . . အဘွားရယ်၊ တိရစ္ဆာန်ပဲဟာ စားကျက်ထဲ သွားနေတာပေါ့"

"အယ် . . ."

ဘွားအေအဖို့ ခေါင်းရှုပ်သွားရပြန်ပါပြီ။ သည်ကိစ္စသူ့သမီး ဖြစ်တဲ့သူနဲ့ရှင်းရမှာမို့ ကိုယ်လေးလက်ဝန်ရှိနေတဲ့ (မောင်ဖိုးထူးရဲ့) အမေကို မေးလိုက်ပါတယ်။

"ဒါထက်မင့်အမေငါ့သမီးရဲ့အခြေအနေကော ဘယ်လိုလဲ"

"ဒါကတော့ အဘွားရယ်။ အဖေလုပ်ထားတဲ့ ကိစ္စပဲဟာ အဖေ့ဘာသာအဖေ ဖြေရှင်းလိမ့်မပေါ့"

သည်စကားလည်း ကြားရော ဘွားအေခမျာ

"နင်တို့ ရှုးမရှုးတော့ မသိဘူး။ ငါတော့ ရှုးချင်ပြီဟေ့"

လို့ အော်ဟစ်ရေရွတ်ရင်း ခြံထဲကနေ ဒရောသောပါး ပြန်ထွက်သွားပါတော့တယ်။

ကလေးတို့ရေ သည်ပုံပြင်ကလေးထဲက အဖြစ် သနစ်ကို သာမန်ကြည့်ရင် ရယ်စရာဟာသလို့ ထင်စရာရှိပါတယ်။ ဟာသဆိုတာကလည်း အလွဲလွဲအချော်ချော်၊ ကမောက်ကမ၊ အမြီးနဲ့ အမောက်မတည့်တာတွေကြောင့် ပေါက်ဖွားဖြစ်တည်လာရတာ မဟုတ်လား။

ရယ်စရာရှိရင် ရယ်လိုက်ကြပေါ့ကွယ်။


ရယ်ပြီးတဲ့အခါမှာတော့ သင်ခန်းစာယူကြည့်စေချင်တယ်။ လောကမှာ အခြေအနေ၊ အချိန်အခါကို နားမလည်ဘဲ ပုံသေကားကျ၊ လေ့နံ့ဓားထစ်အစွဲပြောဆို၊ ပြုမူလုပ်ကိုင်ကြရင်ဖြင့် ဖြစ်လာမယ့် ရလဒ်ဟာ အကျိုးထက်၊ အဆိုးကိုသာ ဦးတည်နေနေတဲ့အကြောင်း သဘောပေါက်နားလည် ကြစေချင်ပါတယ်။

ကလေးတို့ ရွှင်လန်းချမ်းမြေ့ကြပါစေ . . .။

နန္ဒာမိုးကြယ်


စာဂျပိုးမောင်ပုည
ပန်းချီ ရွှေဒိုင်းဝန်း
ဟိုးရှေးရှေး
တုန်းက
တိုင်းပြည်
တစ်ပြည်မှာ
ရိုးသားပြီး
ဉာဏ်ပညာ
ထက်မြက်တဲ့..
မောင်ပုည
ဆိုတဲ့..
လူငယ်လေး
တစ်ယောက်
ရှိတာပေါ့
ကွယ်....
အဲဒီလူငယ်လေးဟာ အချိန်ရှိအားရှိ
အားသလို စာအုပ်စာပေတွေကို ဖတ်ရှု
လေ့လာတယ်လေ...
ဒါကြောင့်
လူတွေက
သူ့ကို
စာဂျပိုးလေး
လို့တောင်
ခေါ်ကြတာ
ပေါ့ကွယ်~~


အဲဒီလို ပေါ်တာကို မောင်ပုညက ဘယ်လိုမှ...
စိတ်မဆိုးဘဲ ဂုဏ်ယူလို့တောင် နေတာပေါ့...
ဂုဏ်ယူခဲ့ အဲဒီလို စာကျွမ်း ဖြစ်လို့လည်း
မဖြေရှင်းနိုင်တဲ့ ကိစ္စ တော်တော် များများကို
သူက ဖြေရှင်းပေးနိုင် ခဲ့တာကိုး...
ဘယ်လိုမှ စိုက်လို့ မရပါလား.. ဒုက္ခပါပဲ..
မျိုး... ဦးကြီး ဘာဖြစ် လို့လဲ ဆိုမျှ...
ဒီမြေကွက် မှာ... ဦးကြီး နှစ်တိုင်း စိုက်ပျိုးလာတာကွာ... ဒီနှစ်ကျမှ...ဘာဖြစ်တယ် မသိပါဘူး... ဘာအသီး အနှံမှကို မဖြစ် ထွန်းဘူး...


ဦးလေးကြီးရဲ့ ညှညှိုးညှုစကားကြောင့်... မောင်ပုညဟာ... ယာကွက်ထဲက... မြေကြီး အနည်းငယ်ကို ကောက်ယူ.. ကြည့်ရှုစစ်ဆေးလိုက်တာပေါ့~...
အဲဒီလို စစ်ဆေးကြည့်လိုက်တာနဲ့... ဗဟုသုတကြွယ်ဝတဲ့ မောင်ပုညဟာ... ဘာကြောင့်လဲဆိုတဲ့ အဖြေကို ချက်ချင်းသိလိုက်တယ်~...
လက်စသတ်တော့... ဦးကြီး ယာကွက်က~...
မြေဆီလွှာတွေ... ခမ်းကုန်တာကိုး~...
ဟော~... ဟုတ်လား...အဲဒါ.. ဘယ်လိုလုပ်ရမလဲ... အကြံပေးပါဦး.. မောင်ပုညရယ်~...
ဒါနဲ့ မောင်ပုညလည်း... သူတတ်သိထားသမျှကို ဦးလေးကြီးကို ရှင်းပြလိုက်တာပေါ့ကွယ်~...


ဦးလေးကြီးလည်း မောင်ပုည အကြံပေးတဲ့အတိုင်း... သူ့မြေကွက်ကို
လိုအပ်တဲ့ ဆေးဝါးတွေ ဖြန်း မြေကြီးတွေကို ပြုပြင်လိုက်တာ...အောင်မြင်စွာနဲ့
ပြန်လည် စိုက်ပျိုး သွားနိုင် တော့တာပေါ့~... ~... ~...
အဲဒီလိုနဲ့ ရက်တွေက...
မပြေရှင်းနိုင်တဲ့ကိစ္စတွေ
ပေါ်လာမြဲဆို~...
မောင်ပုညဆီကပဲ
အကြံဉာဏ်တွေတောင်း
အကူအညီတွေ ယူခဲ့
ကြရတော့ပေါ့ကွယ်~...
တစ်နေ့မှာတော့ မောင်ပုညတို့ တိုင်းပြည်က ဘုရင်ကြီးဆီကို နိုင်ငံ
ရပ်ခြား တိုင်းပြည်က... ဧည့်သည်တော်သုံးဦး အလည်ရောက်လာကြတယ်လေ~...


သူတို့က မေးခွန်းတစ်ခုခုကို မေးကြတဲ့အခါ...ဘုရင်ကြီးက အနားမှာရှိနေကြတဲ့ ပညာရှိကြီးတွေဟာ... မဖြေရှင်းနိုင်ဘူး ဖြစ်နေကြတာပေါ့~... ~...
မှန်
အမတ်ကြီး
ခင်ဗျား စဉ်းစား
လို့... ရလား...
သူတို့
မေးတာမျိုး ကျုပ်
တစ်ခါမှ မကြုံဖူး
တော့... ခက်သွားပဲ
ထင်မိပါးရှာ~...
အင်း...
အမတ်ကြီးတောင်
မဖြေနိုင်မှတော့...
ကျုပ်တို့ဆို ဝေးပေါ့
ဗျာ~...
ဒီလို အခြေအနေကို ဖြေရှင်းဖို့အတွက် မင်းကြီးလည်း ဧည့်သည်တော်တွေကို ဧည့်ခံခိုင်းထားပြီး သူ့ရဲ့ ပညာရှိတွေနဲ့... အိပ်ဆောင်ထဲမှာ ကျိတ်ပြီး ဆွေးနွေးတိုင်ပင် ရတော့တာပေါ့ကွယ်~... ~... ~... ~...


ကဲ… မောင်မင်း တို့… ဘယ်လို လုပ်ကြမှာတုံး…သူတို့ မေးတဲ့ မေးခွန်း တွေကို
မဖြေနိုင် ရင်… ငါတို့ တိုင်းပြည်အနေနဲ့ အရှက်ရ သိက္ခာ ကျရှုံး ဖြစ် ကုန်မယ်…
မင်းကြီး စကားကြောင့် ပညာရှိ အမတ်တွေလည်း ခေါင်းတွေ ကုပ်ပူမတတ် စဉ်းစားကြတော့တာပေါ့…
ထွက်စမ်း ဒီခေါင်းထဲက အကြံ ခုထွက်…
ဒီကိစ္စကို အမြန်ဆုံး ဖြေရှင်း နိုင်အောင် မောင်မင်းတို့ ကြံကြစမ်းပါဦး…
ဗိုး… မလွယ်ပါလား… ခေါင်းထဲက အခိုးတွေ တောင်… ထွက်လာ ပြီ…






ဘုရင်ကြီးရဲ့ အမိန့်ကြောင့် မှူးမတ်တွေလည်း မောင်ပုည ရှိရာ စုံစမ်းပြီး တွေ့တာနဲ့ ချက်ချင်းပဲ နန်းတော်ကို ခေါ်ဆောင်ခဲ့ကြတာပေါ့ကွယ်...



မောင်ပုညဟာ... မြည်း တစ်ကောင် ကို... စီးပြီး... လက်က တုတ် တစ်ချောင်း ကိုင် ပြီး... ရောက်လာခဲ့ တယ်လေ...
ဘုရင်ကြီးက... မောင်ပုညကို တွေ့ တာနဲ့... ...
မောင်မင်းဟာ ခက်ခဲတဲ့ အရာတွေ ကို... ကူညီဖြေရှင်း နိုင်တယ်ဆို...
မှန်လှပါ ဘုရား...
အိမ်း... ဟုတ်ပြီ... ဒါဆို... ဒီနိုင်ငံ ရပ်ခြားက ဧည့်သည်တော်တွေမေးတဲ့... မေးခွန်းတွေကိုရှာ ဖြေရှင်း နိုင်ပါ့မလား...


မှန်လှပါ... ဘယ်အမေးမဆို အဖြေရှိစမြဲမို့ ကျွန်တော်မျိုး ဖြေရှင်းနိုင်ပါတယ်... ဘုရား
ဘုရင်ကြီးကို ကတိပေးပြီးတာနဲ့... မောင်ပုညလေးဟာ... ရှေ့သည်တွေရဲ့ အမေးပုစ္ဆာကို သေချာနားထောင်လိုက်တာပေါ့...
လှိုင်ကမ္ဘာကြီးရဲ့ ဗဟိုချက်က... မည်သည့်နေရာမှာရှိပါသလဲ...
မောင်ပုညလည်း... ရှေ့သည်တော်ရဲ့ အမေးကို... လက်ထဲမှာ ကိုင်ထားတဲ့ တုတ်နဲ့... ချက်ချင်းထိုးပြပြီး ဖြေလိုက်တာပေါ့...
ဟောဒီ ကျုပ်ရဲ့မြင်း လက်ယာဘက် ရှေ့ခြေထောက် အောက်မှာလေ...


တစ်ခဏချင်းပဲ ဖြေလိုက်တဲ့ မောင်ပုညကို ဧည့်သည်တော်က...မယုံကြည်နိုင်ဟန်ဖြင့်... ကြည့်ပြီး~...
ဘယ်လို နည်းနဲ့ သက်သေ ပြမလဲ...
ခင်ဗျား ကျွန်တော် ပြောတာ မယုံရင် တိုင်းကြည့်လေ... နည်းနည်းလေး ရွှေ့ချော် သွားတယ်ဆိုရင် ကျုပ်ကို ကြိုက် သလိုပြော~–
အဲဒီလိုလည်း ပြောလိုက်ရော ဧည့်သည်တော် လည်း...လက် လျှော့သွား တော့တာပေါ့ ကွယ်လ... လ...
ဆက်လက်ပြီး ဒုတိယ ဧည့်သည်တော် က...မေးပြန်တယ်~...


ကောင်းကင် ထက်မှာ ကြယ်တွေ ဘယ်လောက်ရှိ လဲ...
မောင်ပုညကလည်း တုံ့ဆိုင်းမနေဘဲ ပြန်ဖြေ တယ်...
ကျုပ်ရဲ့မြည်း ကျောကုန်းထက်မှာရှိတဲ့ အမွှေးအရေအတွက် အတိုင်းပါပဲ... ညီတူ ညီမျှ ရှိတယ်လို့ ပြောရမှာပေါ့...
ခင်ဗျားရဲ့ စကားကို ဘယ်လို သက်သေပြမလဲ... အရေအတွက် မှန် မမှန်ပေါ့လေ...
ကျွန်တော့် စကားကို မယုံရင် မြည်းကျောကုန်း က... အမွှေးတွေကို တစ်ပင်ချင်း ရေ တွက်ကြည့်လေ...


ဟာဗျာ... မြည်းကျောက်ချိုးက အမွှေးတွေကို... ဘယ်လိုရှိရေလို့ ဖြစ်နိုင်မှာလဲ...
ခင်ဗျား ပြောတာ သဘာဝကျသလားပဲ.. ဒါဆို ခင်ဗျားမေးတဲ့ ကောင်းကင်က ကြယ်တွေ ရေတွက် ဖို့ဆိုတာ ရော လက်တွေ့ ဖြစ်နိုင် ပါ့မလား~...
မောင်ပုညရဲ့ စကားကြောင့်... ဒုတိယ ဧည့်သည်တော်လည်း... လက်လျှော့ သွားတော့တာပေါ့ကွယ်~~ အဲဒီနောက် တတိယ ဧည့်သည်တော်ကလည်း... သူ့ရဲ့ မုတ်ဆိတ်မွှေးတွေကို ကိုင် ပြီးတော့~...
ငါ့ရဲ့ မုတ်ဆိတ် မှာ... အမွှေး ဘယ် နှစ်ပင် ရှိတယ်ဆို တာ... ပြောစမ်းပါ~~


အဲဒီအခါ မောင်ပုညကလည်း..
ကျုပ် မြည်းရဲ့ အမြီးမှာ အမွေး ဘယ်နှစ်ပင် ရှိတယ် ဆိုတာကို
ခင်များ ပြော နိုင်တယ် ဆိုရင် ခင်များမေးတဲ့မေးခွန်း အတွက် အဖြေက အဆင်သင့် ပါပဲ...
ဆရာ.. မြည်းရဲ့ အမြီးကို ဘယ်လိုလုပ် ရေတွက်လို့ ပြီးမှာလဲ မဖြစ်နိုင်တာ---
ဒီလိုဆိုရင် လူကြီးမင်းရဲ့ မေးခွန်း ကို...ကျွန်တော် လည်း ဖြေစရာ မလိုတော့ ဘူးပေါ့ဗျာ~... မဟုတ်ဘူးလား..
မောင်ပုညရဲ့ ပညာသား ပါတဲ့ တုံ့ပြန် ပြောဆိုမှု တွေကြောင့်... ဧည့်သည် တော်... သုံးဦးလည်း...
ဘာမှ ဆက်မမေးနိုင် တော့ဘဲ လက်လျှော့ သွားကြတော့တာပေါ့ ကွယ်~... ~...


အဲဒီလို အမေးအဖြေ စကားတွေကို မျက်မြင်ကိုယ်တွေ့ ကြားလိုက်ရတဲ့... ဘုရင်ကြီးဟာလည်း... မောင်ပုည ရဲ့ ပညာစွမ်း ကို ကျေနပ်အားရသွားတာပေါ့ကွယ်...
တော်တယ်ပေါ့... မောင်မင်း ဉာဏ်စွမ်း တကယ်ထက်ပေတာကိုး... ဒါကြောင့် ပညာတော်တဲ့ မောင်မင်းကို ဆုချီးမြှင့်ရ မှာပေါ့လေ...
ဒီလိုနဲ့ မောင်ပုညလေးဟာ... အငယ်ဆုံး ပညာရှိအမတ်ရာထူးကို ရခဲ့တော့တာ ပေါ့ကွယ်...
ကဲ... ညီလေး ညီမလေးတို့လည်း... မောင်ပုညလေးလို ဉာဏ်ပညာတွေ ထက်မြက်အောင်... မဟာသုတရှာတဲ့ စာတွေ ဖတ်နိုင် မှတ်နိုင်ဖို့ ဦးပို ဒီပုံပြင်လေးကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်ကွယ်...
ပြီး။

175 YEARS

Knorr

Unilever

# FLAVOURS OF LIFE

## ၁၇၅ နှစ်တိုင်တိုင် ကမ္ဘာတစ်ဝန်း
## အိမ်ရှင်မတိုင်းရဲ့လက်စွဲ ခနော

*Knorr Brand* ကို စတင် တည်ထောင်သူမှာ ဂျာမနီနိုင်ငံမှ *Mr. Carl Heinrich Knorr* ဖြစ်ပြီး *Knorr Brand* ကို ၁၈၃၈ တွင် စတင်ထုတ်လုပ်ခဲ့ပါသည်။ စတင်ထုတ်လုပ်စဉ်ကပင် သဘာဝ *Ingredient* များကို တန်ဖိုးထားပြီး မူလသဘာဝအရသာအတိုင်း ထုတ်လုပ်ခဲ့ပါသည်။ *Knorr Brand* သည် သဘာဝပစ္စည်းများကို တန်ဖိုးထားပြီး အကောင်းဆုံးအရသာနှင့် ဟင်းချက်ရလွယ်ကူမြန်ဆန်ခြင်းတို့ဖြင့် အိမ်ရှင်မများကို အမြဲကူညီပေးလျက်ရှိပါသည်။ ယခုဆိုလျှင် *Knorr Brand* သည် နှစ်ပေါင်း ၁၇၅နှစ်တိုင်တိုင် ကမ္ဘာပေါ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေပြီး ကမ္ဘာ့နိုင်ငံပေါင်း (၁၀၀) ကျော်တွင် ရောင်းချလျက်ရှိနေပါသည်။

“အနံ့အရသာလည်းရှိ ကျန်းမာပြီး အာဟာရပြည့်ဝစေရမယ်”ဆိုတဲ့ ကတိဟာ ခနော ရဲ့နှလုံးသားထဲမှာ အမြစ်တွယ်တည်ရှိနေပါတယ်။

